ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-7-2004) (၄၃၀၁)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၄ ခုနှစ် ဇူလိုင် ၂၁ ရက်၌ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ

တရုတ်နိုင်ငံ၏ ကမ္ဘာကျော် မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်းလုပ်ငန်းများ လေ့လာ ကမ္ဘာပေါ်တွင် အကြီးဆုံးစီမံကိန်းဖြစ်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရန် ယန်စီမြစ်ကိုဖြတ်၍ တမံတည်ဆောက်နေ တမံအမြင့် ၅၉၄ ပေ၊ အလျား ၇၅၇၅ ပေရှိပြီး တစ်နှစ်လျှင် ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၈၄၇၀၀ ထုတ်လုပ်မည်

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ကျော့နှင့် ဇနီးတို့ လိုက်ပါလျက် ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ တရုတ်လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ဟူဘေးပြည်နယ် ရီချန်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၈ နာရီတွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ရီချန်းမြို့ မြို့တော်ဝန် Mr. Guo Youming၊ ဟူဘေးပြည်နယ်နှင့် ရီချန်းမြို့တို့မှ အဆင့်မြင့်အရာရှိများနှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ခေတ္တတည်းခိုမည့် ရီချန်းမြို့ရှိ Taohualing Hotel သို့ ရောက်ရှိကြပြီး ရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရီချန်းမြို့ မြို့တော်ဝန် Mr. Guo Youming လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် ဟူဘေးပြည်နယ်ရှိ Three Gorges Dam Exhibition Centre သို့ ရောက်ရှိကြရာ China Yangtze Three Gorges Project Development Corporation မှ စီမံကိန်းအထွေထွေမန်နေဂျာ Mr. Li Yongan နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❋

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က စီမံကိန်းရှုရပ်မှနေ၍ Three Gorges Dam Project လုပ်ငန်းခွင်တွင် ယန်စီမြစ်ပေါ်၌ ကျောက်သားတမံ တည်ဆောက်မှုလုပ်ငန်း၊ သင်္ဘောများ အလွယ်တကူ သွားလာနိုင်ရန် အဆင့်ငါးဆင့်ဖြင့် ပြုလုပ်ထားသော ရေလမ်းကြောင်းအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၇-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

တရုတ်–မြန်မာနှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ကာလကြာမြင့်စွာကပင် နှစ်နိုင်ငံပြည်သူများအချင်းချင်း ရင်းရင်းနှီးနှီးဆက်ဆံမှုရှိလာခဲ့ကြသည်။ ထို့အပြင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံလာခဲ့သော အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုများ ထူထောင်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံအစိုးရချင်း ဆက်ဆံရေးနှင့် နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးစွာဆက်ဆံရေးသည် ထာဝစဉ်ကျစ်လျစ်ခိုင်မာကာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထိုအချက်သည်ပင် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးတို့ကို အထောက်အကူပြုလျက်ရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမစ္စတာဟူကျင်တောင်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်တောင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်တောင်က **တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒကို မြန်မာနိုင်ငံက တစိုက်မတ်မတ် ထောက်ခံမှုပေးနေသည်ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်မှာမဟုတ်ကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အခြေခံသည့် တရုတ်–မြန်မာဆက်ဆံရေးသည် ပြောင်းလဲခဲ့ခြင်း မရှိသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် နှစ်နိုင်ငံအကြားနားလည်မှုပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း** ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ဇူလိုင်လ ၁၃ ရက်နေ့က ပေကျင်းမြို့ ပြည်သူ့ခန်းမ ဆောင်ကြီးရှိ ဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

အလားတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်အား ဇူလိုင်လ ၁၃ ရက်နေ့က ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံနှုတ်ဆက်ခဲ့ရာတွင် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်လေးစားရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် ဖြစ်တည်ပြီးဖြစ်သည့် တရုတ်–မြန်မာနှစ်နိုင်ငံချစ်ကြည် ရင်းနှီးစွာ ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာအမျိုးသမီးများနေ့ ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ ၂၀၀၄ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့်အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်/တိုင်း တာဝန်ခံများ၊ သစ်ပင်စိုက်ပျိုးရေးအဖွဲ့၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သရုပ်ပြအဖွဲ့၊ အမျိုးသမီးရေးရာ နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေရေးအဖွဲ့နှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုပ်ရှင်နှင့် ဂီတပညာရှင်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကိုဝန်ကြီး၏ဇနီး ဒေါ်ကျင်ခိုင်က လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ ဇနီးဒေါ်ခင်လှလှက လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်ခင်ဌေးမြင့်က လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက လည်းကောင်း၊ အားကစားဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်အေးအေးက လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်ခင်အေးက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လည်းကောင်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက လည်းကောင်း အသီးသီး လက်ခံယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ တေးဂီတပညာရှင်များကိုယ်စား တေးဂီတပညာရှင် စန္ဒရားသိန်းမြင့်သန်းက လည်းကောင်း၊ "လေကိုဆန်၍ ပျံလေသော်" ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်သူများကိုယ်စား ဒါရိုက်တာဒေါ်ရိုးရိုးက လည်းကောင်း၊ ပံ့ပိုးသူများဖြစ်ကြသော Talent&Model၊ Dozo Fashion၊ မြမာလာအထည်ဆိုင်၊ Royal Rose Slippers၊ Eros Health တို့မှ ကိုယ်စားလှယ်များက လည်းကောင်း အသီးသီး လက်ခံယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ပါဝင်ကူညီခဲ့ကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးအား ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်းဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် ဇူလိုင်လဂေါက်ရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် မြန်မာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

အမေရိကန်တွင် အီရတ်စစ်ပွဲကို မထောက်ခံသူများ ပြားလာ

ဝါရှင်တန် ဇူလိုင် ၁၉

အီရတ်စစ်ပွဲနှင့် အမေရိကန် သမ္မတလောင်းများအပေါ် အမေရိကန်လူထု၏ သဘောထား မည်သို့ရှိသည်ကို သိရှိနိုင်ရန် သဘောထားဆန်းစစ်ချက်တစ်ရပ် ပြုလုပ်ပြီး လွန်ခဲ့သော စနေနေ့တွင် စီဘီအက်စ်နှင့် နယူးယောက်တိုင်းမ် သတင်းဌာနများက ထုတ်ပြန်ခဲ့ကြသည်။

သဘောထား လေ့လာချက်များအရ အမေရိကန် ၅၁ ရာခိုင်နှုန်းသည် အီရတ်စစ်ပွဲဆင်နွှဲသည်ကို မလိုလားကြကြောင်း တွေ့ရပြီး ၄၅ ရာခိုင်နှုန်းကသာ ထိုလုပ်ရပ် မှန်ကန်သည်ဟု ယူဆကြောင်း တွေ့ရှိရသည်။ ပြီးခဲ့သော ဇွန်လက လူထုသဘောထားကို ကောက်ယူခဲ့ရာ အီရတ်စစ်ပွဲကို လိုလားသူနှင့် ဆန့်ကျင်သူဦးရေမှာ ထက်ဝက်စီ ဖြစ်နေသည်ကို သိရှိခဲ့ရသည်။ ဒီဇင်ဘာလအတွင်းက ပြုလုပ်သည့် လူထုသဘောထား လေ့လာချက်တွင် ထောက်ခံသူနှင့် မထောက်ခံသူ အချိုးအစားမှာ နှစ်အချိုး တစ် ရှိသည်ကို တွေ့ခဲ့ရသည်။ ထိုအချိန်မှစ၍ အီရတ်စစ်ပွဲထောက်ခံသူဦးရေမှာ တဖြည်းဖြည်း နည်းပါးလာပြီး မထောက်ခံသူဦးရေမှာ ဆက်တိုက် တိုး၍တိုး၍ လာခြင်းဖြစ်သည်။

စီဘီအက်စ်နှင့် နယူးယောက်တိုင်းမ် သတင်းဌာနများသည် လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် သမ္မတလောင်းများအပေါ် လူထုသဘောထား မည်သို့ရှိသည်ကို သိရှိရန် လေ့လာမှုများလည်း ပြုလုပ်ခဲ့သေးသည်။ ထိုလေ့လာချက်အရ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံမည့် ဂျွန်ကယ်ရီကို လိုလားသူ ၄၉ ရာခိုင်နှုန်းရှိပြီး လက်ရှိသမ္မတ ဘုရှ်ကို လိုလားသူ ၄၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

ထိုလေ့လာချက်တွင် သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်သူ နှစ်ဦးတည်းသာမကဘဲ ယှဉ်ပြိုင်မည့်သူ သုံးဦးကို ထည့်သွင်း ဆန္ဒပေးစေသောအခါ၌လည်း ဂျွန်ကယ်ရီကို လိုလားသူ ၄၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပြန်သည်။ လက်ရှိသမ္မတ ဘုရှ်ကို လိုလားသူမှာ ၄၂ ရာခိုင်နှုန်းရှိပြီး တစ်သီးပုဂ္ဂလ သမ္မတလောင်းအဖြစ် အရွေးခံမည့်သူ ရယ်ဖ်နာဒါကို သဘောကျသူမှာ ငါးရာခိုင်နှုန်းရှိကြောင်း လေ့လာသိရှိရသည်။ လာမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဂျွန်ကယ်ရီကို သမ္မတလောင်းအဖြစ် လျာထားပြီးဖြစ်ကြောင်း ကြေညာပြီးချိန်မှစ၍ ၎င်းအပေါ် လိုလားသော ပြည်သူဦးရေမှာ တစ်စတစ်စ မြင့်တက်လာသည်ကို တွေ့ရှိရသည်။ ဂျွန်ကယ်ရီက ၎င်း၏ဒုသမ္မတလောင်းအဖြစ် အထက်လွှတ်တော်အမတ် ဂျွန်အက်ဒွပ်ကို ရွေးချယ်ခဲ့ကြောင်း ဇူလိုင်လ စောစောပိုင်းက ကြေညာခဲ့သည်။

သမ္မတလောင်း ဂျွန်ကယ်ရီအပေါ် လူထုနှစ်သက်မှု အခြေအနေကိုလည်း စူးစမ်းခဲ့ရာ ဇွန်လအတွင်း လေ့လာမှုတွင် ကယ်ရီကို လိုလားသူ ၂၉ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရသည်။ ၃၅ ရာခိုင်နှုန်းမှာ မလိုလားကြဘဲ ၂၆ ရာခိုင်နှုန်းမှာ သဘောကျ၊ မကျကို မဝေခွဲနိုင်ဘဲရှိကြောင်း သဘောထား ပေးခဲ့ကြသည်။

သို့ရာတွင် ယခုလတွင် ပြုလုပ်သော သဘောထား လေ့လာချက်၌မူ ကယ်ရီကို လိုလားသူ အချိုးအစားမှာ ၃၆ ရာခိုင်နှုန်းအထိ တက်လာသည်ကို တွေ့ရပြီး မလိုလားဟု သဘောထားပေးသူဦးရေ အချိုးအစားမှာ ၃၃ ရာခိုင်နှုန်းသာ ရှိတော့သည်ကို သိရသည်။ ဝေခွဲ၍မရဟု သဘောထားပေးသူဦးရေမှာ ၂၀ ရာခိုင်နှုန်းအထိ ရှိသည်ဟု ဆိုသည်။

ယခုပြုလုပ်သော သဘောထား ကောက်ယူမှုတွင် ပါဝင်ဆန္ဒပေးခဲ့သူ အရေအတွက်မှာ အရွယ်ရောက်ပြီးသူ ၉၅၅ ဦး ပါဝင်သည်။ ဆန္ဒသဘောထား လေ့လာမှုကို ဇွန် ၁၁ ရက်မှ ၁၅ ရက်များအတွင်း ကောက်ယူပြုစုခဲ့ခြင်းဖြစ်သည်။ နမူနာကောက်ယူမှုကြောင့် ဖြစ်ပေါ်နိုင်သော အမှားအယွင်းမှာ အတိုးအလျော့ သုံးရာခိုင်နှုန်း ရှိနိုင်သည်ဟု ဆိုသည်။ ***အင်တာနက်။***

တောင်ကိုရီးယားနိုင်ငံ ပူဆန်မြို့ စစ်ဘက်ဆိုင်ရာ ဆိပ်ကမ်းရှိ အုတ်နံရံကို ကျော်လွှားတက်ရောက်ကာ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေသည့် တောင်ကိုရီးယားနိုင်ငံသားများအား ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်သို့ တပ်ဖွဲ့စေလွှတ်မည် မဟုတ်ကြောင်း မလေးရှား ဝန်ကြီးချုပ် ပြောကြား

ကွာလာလမ်ပူ ဇူလိုင် ၁၉

မလေးရှားနိုင်ငံ ခေါင်းဆောင်က ၎င်း၏ နိုင်ငံအနေဖြင့် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အလားအလာ မရှိဟုဆိုသည်။ သို့ရာတွင် အီရတ်ဝန်းကျင်ဒေသရှိ နိုင်ငံများမှ တပ်ဖွဲ့များကို အီရတ်သို့ စေလွှတ်ကြရန် တိုက်တွန်းခဲ့သည်။

ယခုအချိန်တွင် အမေရိကန်နိုင်ငံသည် အီရတ်ဝန်ကြီးချုပ် အာလာဝီ ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့လက်သို့ အုပ်ချုပ်ခွင့်အာဏာကို ပြန်လည်လွှဲပြောင်းပေးပြီး ဖြစ်သည်။ သို့ဖြစ်၍ အီရတ်ဝန်းကျင် နိုင်ငံများအနေဖြင့် အီရတ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စကို စဉ်းစားသင့်သည်ဟု မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောကြားခဲ့သည်။

အီရတ်တွင် အုပ်ချုပ်ခွင့်အာဏာကို လက်ပြောင်းပေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အခြေအနေမှာ အပြည့်အဝ လုံခြုံအေးချမ်းမှု မရှိသေးကြောင်း ဘာဒါဝီက သတင်းထောက်များ၏ အမေးကို ဖြေကြားခဲ့သည်။

အီရတ်ဝန်းကျင်ဒေသရှိ နိုင်ငံများအနေဖြင့် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အခြေအနေပေးသည်။ တစ်ဒေသတည်းတွင် ရှိကြသည့်အတွက် စရိတ်စက နည်းပါးစွာနှင့် တပ်များပေးပို့နိုင်သော အနေအထား ရှိကြသည်။ သို့ဖြစ်၍ မိမိအနေဖြင့် အီရတ်အိမ်နီးချင်းနိုင်ငံများ အနေဖြင့် ထိုကိစ္စကို ဆောင်ရွက်သင့်သည်ဟု အလေးအနက်ယူဆကြောင်း ဘာဒါဝီက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသို့ ညီအစ်ကိုတော် နိုင်ငံများနှင့် အိမ်နီးချင်း နိုင်ငံများမှ တပ်ဖွဲ့များကို ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအတွက် စေလွှတ်ပေးကြရန်နှင့် သွေးစည်းညီညွတ်စွာ အကူအညီပေးကြရန် အီရတ်ဝန်ကြီးချုပ် အာလာဝီက ဇူလိုင် ၁၅ ရက်တွင် မေတ္တာရပ်ခံခဲ့သည်။ တစ်ရက်တည်းမှာပင် မလေးရှား ဝန်ကြီးချုပ်ကလည်း အထက်ပါစကားများကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်ခံရသူ ဒေါ်လာ ၂၅သန်း လျော်ကြေးရလိုမှုဖြင့် အမှုဖွင့်ဟုဆို

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၉

လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်ခံရသူ အမေရိကန်နိုင်ငံသား ကားသူခိုးဟု သင်္ကာမကင်းခံရသူတစ်ဦးက အမေရိကန်ဒေါ်လာ ၂၅ သန်းကို လျော်ကြေးအဖြစ် ရရှိနိုင်ရန်အတွက် မြို့တော်ကောင်စီတွင် အမှုဖွင့်လိုက်ကြောင်း ဒေသခံ မီဒီယာက သောကြာနေ့တွင် ဖော်ပြသည်။

ဇူလိုင် ၂၃ ရက်က ဖော်ပြပါ ရဲတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် စတန်လေမီလာက ၎င်း၏ဦးနှောက် ထိခိုက်ခဲ့ရကြောင်း အမှုဖွင့် တိုင်တန်းခြင်းဖြစ်သည်။ ယင်းရိုက်နှက်မှုကြောင့် ကျောရိုး၊ ခန္ဓာကိုယ် အတွင်းကြေနှင့် စိတ်ပင်ပန်းမှုများ ဖြစ်ပွားခဲ့သည်။

မြို့တော်ကောင်စီက ယင်းတိုင်တန်းချက်ကို ပယ်ချခဲ့ပါက မီလာအနေဖြင့် ဥပဒေကြောင်းအရ နစ်နာကြေးရစေရန် ကြိုးပမ်းရမည်ဖြစ်သည်။

လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့က တရားစွဲဆိုမှု ဆိုင်းငံ့ထားမှုအပေါ် ဝေဖန်ပြောကြားမည် မဟုတ်ကြောင်း ယင်းရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဖြစ်သူ မေရီဂရက်ဒီက ပြောကြားသည်။

မီလာ၏ ဒဏ်ရာများမှာ အနည်းငယ် ခြစ်မိရုံ၊ ပွန်းရုံနှင့် မဆိုစလောက် အတွင်းကြေသာဖြစ်ကြောင်း ဖော်ပြပါ ရဲတပ်ဖွဲ့အကြီးအကဲ ဝီလျံဘရက်တန်က မြို့တော်ကောင်စီအား လွန်ခဲ့သည့် ရက်သတ္တပတ် နှစ်ပတ်က ပြောကြားခဲ့သည်။ သို့ရာတွင် မီလာ၏ အကျိုးဆောင်ရှေ့နေက မီလာသည် ဦးနှောက်ထိခိုက်မှု ရှိခဲ့ပြီး မူးဝေ အမြင်ကြည်လင်မှုမရှိ၊ မူးရိပ်ရိပ်ဖြစ်၊ အိပ်မပျော်၊ အော့အန်ကာ စိတ်ကျရောဂါ ခံစားရကြောင်း အာရုံကြောပါရဂူက မှတ်ချက်ချထားကြောင်း ပြောကြားခဲ့သည်။

လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့က မီလာအား ခိုးယူသွားခဲ့သော ကားတစ်စီးနှင့်အတူ ရပ်ခိုင်းစေခဲ့ရာ ငြင်းဆန်ခဲ့သောကြောင့် ၃၀ မိနစ်ကြာ ဖမ်းဆီးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၁၇ ရက်က ဖော်လူဂျာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန် စစ်ဘက်ယာဉ်တန်း ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၁၉

အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းတစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်သည့် ပေါက်ကွဲမှု ဘဂ္ဂဒက်မြို့လယ်တွင် သောကြာနေ့က ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် အီရတ်အရပ်သားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အား အနီးရှိ ဆေးရုံသို့ သယ်ယူသွားသည်ဟု ရဲအရာရှိ တစ်ဦးက ပြောကြားသည်။ ယင်းပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့လယ် ရပ်ကွက်တွင် မွန်းလွဲ ၁ နာရီ ၅ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ သို့ရာတွင် ၎င်းတို့က အသေးစိတ် ပြောကြားခြင်း မရှိပေ။

ဘဂ္ဂဒက်မြို့တော်၏ အနောက်မြောက်ဒေသရှိ ဟာဒီသာမြို့တွင် အဓိက ရဲဌာနတစ်ခုအနီး၌ ကားဗုံးဟု သင်္ကာမကင်းဖြစ်ရသည့် ဗုံးတစ်လုံးပေါက်ကွဲရာ ကြာသပတေးနေ့တွင် အီရတ်ရဲတပ်ဖွဲ့ဝင် အနည်းဆုံး သုံးဦးနှင့် အရပ်သား ခုနစ်ဦးတို့ သေဆုံးခဲ့ကြပြီး အခြား ၄၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် မြူနီစီပါယ်အဆောက်အအုံတစ်ခု၊ ဘဏ်တိုက်တစ်ခုနှင့် အခင်းဖြစ်ပွားရာနေရာအနီးမှ ဆိုင်အချို့ ပျက်စီးခဲ့သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အီရတ်တွင် သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၈၉၀ ဦးရှိပြီ

ဝါရှင်တန် ဇူလိုင် ၂၀

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယခုနှစ် ဇူလိုင် ၁၉ ရက်နေ့အထိ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၈၉၀ဦး သေဆုံးခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၆၅၈ဦးမှာ တိုက်ပွဲဖြစ်ပွားစဉ်သေဆုံးခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင် ၂၃၂ဦးမှာမူ တိုက်ခိုက်ခြင်းနှင့် မသက်ဆိုင်သည့် အခြား အကြောင်းတရားများကြောင့် သေဆုံးရကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု သမ္မတဘုရှ်က ထုတ်ပြန်ကြေညာခဲ့သော ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၇၅၂ ဦး သေဆုံးခဲ့ရကြောင်း၊ ယင်းအနက် ၅၄၉ ဦးသည် တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရပြီး ၂၀၃ဦးမှာမူ တိုက်ခိုက်မှုနှင့် မသက်ဆိုင်သည့် အကြောင်းတရားများဖြင့်သေဆုံးရကြောင်း ကာကွယ်ရေးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အင်တာနက်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၄ရက်က ဟေဘေးပြည်နယ်ရှိ Three Gorges Dam Exhibition Centre **၌** China Yangtze Three Gorges Project Development Corporation**မှ စီမံကိန်းအထွေထွေမန်နေဂျာ** Mr. Li Yongan **က ရီချန်းမြို့အနီးရှိ ကမ္ဘာကျော်** Three Gorges Dam Project **နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ရှေးဦးစွာ စီမံကိန်း အထွေထွေမန်နေဂျာ Mr. Li Yonganက Three Gorges Dam Projectကို ပြည်တွင်းပညာရှင်များက ခေတ်မီနည်းများဖြင့် ပုံစံရေးဆွဲခဲ့မှု၊ Three Gorges Dam Project မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ပြီး ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားများဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ အထောက်အကူပြုနိုင်မည့် အခြေအနေ၊ စီမံကိန်းတည်ရှိရာ ဒေသ၏ စီးပွားရေး၊ လူမှုရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ Three Gorges Dam Project အရ ဆောင်ရွက်နေသော မြေယာဖော်ထုတ်ခြင်းနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ ကျောက်၊ ကျောက်စရစ်၊ သဲထုတ်လုပ်ခြင်း၊ ကွန်ကရစ်ဖျော်စက် လုပ်ငန်းစနစ်၊ ရေလွှဲလုပ်ငန်း၊ ယာယီ သင်္ဘောလမ်းတည်ဆောက်ခြင်း လုပ်ငန်း၊ အမြဲတမ်းသင်္ဘောလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံတည်ဆောက်နေမှုနှင့် ဤစီမံကိန်းမှ နိုင်ငံတော်ကို အကျိုးပြုမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား Three Gorges Dam Project နှင့် ပတ်သက်သည့် မှတ်တမ်းတင် ဆလိုက်ဖြင့် စီမံကိန်းလုပ်ငန်းများကို ပြသရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စီမံကိန်းအထွေထွေမန်နေဂျာ Mr. Li Yongan တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Three Gorges Dam Project လုပ်ငန်းခွင်ရှုရပ်သို့ ရောက်ရှိကြပြီး ယန်စီမြစ်ပေါ်၌ ကျောက်သားတမံ တည်ဆောက်မှုလုပ်ငန်း၊ သင်္ဘောများ အလွယ်တကူ သွားလာနိုင်ရန် အဆင့်ငါးဆင့်ဖြင့် ပြုလုပ်ထားသော ရေလမ်းကြောင်း အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းနှင့် ယန်စီမြစ်ရေ စီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာကြရာ စီမံကိန်း အထွေထွေမန်နေဂျာ Mr. Li Yongan နှင့် စီမံကိန်းမှ တရုတ်ပညာရှင်များက Three Gorges Dam Project၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှုရပ်၌ တရုတ်ပညာရှင်များနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပင်မကျောက်သားတမံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မကျောက်သားတမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းအထွေထွေမန်နေဂျာ Mr. Li Yongan နှင့် ပညာရှင်များက တမံလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းသည်များကို တရုတ်ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်ထုတ်လုပ်မည့် စက်ရုံသို့ရောက်ရှိကြရာ မဂ္ဂါဝပ် ၇၀၀ရှိ တာဘိုင်ဂျင်နရေတာ စက်ခြောက်လုံး တပ်ဆင်ပြီးစီးနေမှု၊ တာဘိုင်ဂျင်နရေတာ စက်များ ဆက်လက်တပ်ဆင်နေမှုကို လည်းကောင်း၊ ထိန်းချုပ်ခန်း၏ လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုကြသည်။

တမံအလျား ၇၅၇၅ ပေ

Three Gorges Dam Project အရ တည်ဆောက်နေသော ကွန်ကရစ်တမံမှာ ယန်စီမြစ်ကိုဖြတ်၍ တည်ဆောက်နေပြီး တမံအမြင့်မှာ ၅၉၄ပေ၊ တမံအလျားမှာ ၇၅၇၅ပေ ရှိမည်ဟု သိရသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မဂ္ဂါဝပ် ၇၀၀ရှိ စက် ၂၆လုံး တပ်ဆင်မည်ဖြစ်ပြီး တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၈၄၇၀၀ သန်းထုတ်လုပ်နိုင်မည်ဟု သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုရာ ရီချန်းမြို့ Taohualing Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan က မွန်းတည့် ၁၂နာရီတွင် ရီချန်းမြို့ Taohualing Hotel ရှိ Spring of Peachblossom Hill ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရီချန်းမြို့ မြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာနိုင်ငံနှင့် ဟေဘေးပြည်နယ်တို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်သည့် အလားအလာများ၊ အထူးသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်သည့် စီမံကိန်းများ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်သည်များကိုလည်းကောင်း၊ နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှုကို ပိုမိုအထောက်အကူပြုစေသည့် ဆောင်ရွက်ဖွယ်ရာများကိုလည်းကောင်း ခင်မင်ရင်းနှီးစွာ ဆွေးနွေးပြောဆိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က Three Gorges Dam Project **လုပ်ငန်းခွင်တွင် ယန်စီမြစ်ပေါ်၌ ကျောက်သားတမံ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က Three Gorges Dam Project **လုပ်ငန်းခွင်၌ ရေအားလျှပ်စစ် ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မှုလုပ်ငန်းနှင့် ထိန်းချုပ်ခန်း၏ လုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

❐ **စာမျက်နှာ ၄မှ**

ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan က ရီချန်းမြို့ Taohualing Hotel ၌ ဂုဏ်ပြု နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြု နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ရီချန်းမြို့ World Peace Park သို့ သွားရောက်၍ အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာရန် ရီချန်းလေဆိပ်သို့ ရောက်ရှိကြရာ ရီချန်းမြို့ မြို့တော်ဝန် Mr. Guo

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တ တည်းခိုမည့် ရှန်ဟိုင်းမြို့ Jin Jiang Tower Hotel သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Shanghai Centre Theatre ၌ပြသသည့် ပျော့ပျောင်းသန်မာမှု အခြေခံ ကျွမ်းဘားသရုပ်ပြကွက်၊ မျက်လှည့်ပြကွက်နှင့် အခြားစွမ်းရည်ပြသမှု ပြကွက်တို့ဖြင့် ဖြေဖျော်မှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Jin Jiang Tower Hotel သို့ ရောက်ရှိ ရပ်နားကြသည်။

အမျိုးသားပြတိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီးဒေါက်တာဒေါ်ခင်ဝင်း

Ping နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့်အဖွဲ့ဝင်များသည် အမျိုးသား ပြတိုက်ရှိ တရုတ်လူမျိုးတို့၏ သမိုင်းကြောင်းပြခန်းကို တစ်နာရီခွဲကြာမျှ ကြည့်ရှုလေ့လာကြရာ အမျိုးသား ပြတိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့် အဖွဲ့ဝင်များသည် အမျိုးသား ပြတိုက်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေအား အမျိုးသားပြတိုက်ဧည့်ခန်းမ၌ အမျိုးသားပြတိုက်ဒုတိယညွှန်ကြားရေးမှူး Guo Ping က ပြတိုက်စာအုပ်ကို လက်ဆောင်ပေးအပ်ပြီးဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်း အမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူးအားလက်ဆောင် ပစ္စည်းပြန်လည် ပေးအပ်သည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan က ရီချန်းမြို့ Taohualing Hotel ရှိ Spring of Peachblossom Hill ခန်းမသို့ လာရောက် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးသိန်းလွင်၏ ဇနီးဒေါ်နွဲ့နွဲ့ဟန်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ကျော်၏ ဇနီးဒေါ်ကြည်ကြည်ဦးနှင့် သံမှူးကြီးဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး All-China Women's Federation ဒုတိယဥက္ကဋ္ဌနှင့် အတူ အတွင်းရေးမှူးများအဖွဲ့–အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် All-China Women's Federation ဒုတိယ ဥက္ကဋ္ဌ မိစ်ချမ်းရှို့ရွှန်တို့သည် မိမိတို့နိုင်ငံ အလိုက် အမျိုးသမီးရေးရာကိစ္စများ ဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းများအကောင်အထည်ဖော်မှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က Three Gorges Dam Project လုပ်ငန်းခွင်စီမံကိန်းရုံးရှေ့၌ တရုတ်ပညာရှင်များနှင့် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

Youming နှင့် တာဝန်ရှိသူများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ရှန်ဟိုင်းမြို့သို့

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၊ဇနီးဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့် အဖွဲ့ဝင်များသည် ရီချန်းမြို့မှ တစ်ဆင့် တရုတ်လေကြောင်း အထူး လေယာဉ်ဖြင့် ရှန်ဟိုင်းမြို့သို့ ဒေသစံတော်ချိန် ညနေ ၅နာရီတွင် ရောက်ရှိကြရာ ရှန်ဟိုင်းမြို့ ဒုတိယ မြို့တော်ဝန် Mr. Tang Deng Jie နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ဇနီးဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၏ဇနီးဒေါ်စံယုံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ကျော်နှင့်ဇနီး ဒေါ်ကြည်ကြည်ဦး၊သံမှူးကြီး ဒေါ်သန်းသန်းဌေးတို့ လိုက်ပါလျက် ဇူလိုင် ၁၂ရက် ညနေ ၅နာရီခွဲ တွင် ပေကျင်းမြို့ရှိ အမျိုးသား ပြတိုက်သို့ရောက်ရှိကြရာ အမျိုးသား ပြတိုက် ဒုတိယညွှန်ကြားရေးမှူး Guo

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၁၄ရက်က ရီချန်းမြို့ World Peace Park ၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၄ရက်က ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Qingquan က ရီချန်းမြို့ Taohualing Hotel ၌ ဂုဏ်ပြု နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီးဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက် နံနက် ၉နာရီခွဲ တွင် ပေကျင်းမြို့ရှိ All-China Women's Federation သို့ရောက်ရှိကြရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေအား All-China Women's Federation ဧည့်ခန်းမ၌ All-China Women's Federation ဒုတိယ ဥက္ကဋ္ဌ မိစ်ချမ်းရှို့ရွှန်က တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီးဒေါ်စံယုံ၊တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး

ကို ခင်မင်ရင်းနှီးစွာ ပြောကြားဆွေးနွေးကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှို့ရွှန်က လက်ဆောင်ပစ္စည်း ပေးအပ်ပြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်း ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှို့ရွှန်အား လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့် အဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှို့ရွှန်နှင့် အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

စက်မှု(၁)ဝန်ကြီး

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ် လိုက်ပါလာသောအမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင် သောင်းအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ ဖြစ်သည့် China Metallurgical Construction Corporation (MCC) မှ President Mr. Ma Yanli နှင့် အဖွဲ့ဝင်များ၊ China Machinery Complete Equipment Engineering Group (CMCC) မှ President, Mr. Lin Gang နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ စက်မှုကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဦးအောင်သောင်းနှင့်အတူ ဝန်ကြီး ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် စက်မှုညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်တို့ တက်ရောက်ကြသည်။

လယ်ယာ/ဆည်မြောင်းဝန်ကြီး

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင်ချစ်ကြည် ရေးကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

ရာမညဝေပုလ္လတိုက် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၀

ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်၌ ဒုတိယဝါဆိုလပြည့် နံနက် ၉ နာရီတွင် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ကြီးမှူးကာ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူကြပြီး အကျွေးအမွေးဖြင့် ဧည့်ခံမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဆရာတော်ဘဒ္ဒန္တဝါရထံ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၅)

ပေါက်စ

ပြောသင့်ပြောထိုက်တဲ့ စကားကို ပြောရမှာဖြစ်တဲ့အတွက် ပေါက်စ ပြောကို ပြောရပါ့မယ်ခင်ဗျာ။ ဒီလိုပါခင်ဗျ။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ နံနက် ၆ နာရီမှာ VOA အသံလွှင့်ဌာနက ဘယ်လိုတွေ ထုတ်လွှင့်သွားသလဲ ဆိုရင် အိုင်ဗင်ဟိုးကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုသက်လွင်အား မြန်မာ အစိုးရက ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခဲ့ကြောင်း သတင်းပေးပို့ချက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ထုတ်လွှင့်ကြေညာခဲ့ပါတယ်ခင်ဗျာ။

အဲ- VOA အသံလွှင့်ဌာနက ထုတ်လွှင့်သွားတဲ့ သတင်းအနှစ်ချုပ်ကို ကောက်နုတ်ဖော်ပြရရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ အိုင်ဗင်ဟိုး မိုင်းလုပ်ငန်းကုမ္ပဏီက မြန်မာဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကိုသက်လွင်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလထဲမှာ ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်ခဲ့တဲ့အတွက် မြန်မာ စစ်အာဏာပိုင်တို့က ဖမ်းဆီးထောင်ချခဲ့တယ်လို့ ထိုင်း-မြန်မာ အခြေစိုက် AAPPခေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ဇူလိုင်လ ၂ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်လိုက်တဲ့အကြောင်း၊ အဲဒီသတင်း ထုတ်ပြန်ချက်မှာပဲ အိုင်ဗင်ဟိုးကုမ္ပဏီက နိုင်ငံခြားသား အရာရှိတစ်ဦးဟာ ဒေါ်အောင်ဆန်းစုကြည်ကို သွားအတွေ့မှာ ကုမ္ပဏီဝန်ထမ်းဖြစ်တဲ့ ကိုသက်လွင်နဲ့ အတူ သွားခဲ့ရာက နှစ်ဦးလုံးကို အာဏာပိုင်တွေက ဖမ်းဆီးလိုက်ပြီး နောက်ပိုင်းမှာ နိုင်ငံခြားသားအရာရှိကို ပြန်လွှတ်ပေးပေမယ့် ကိုသက်လွင်ကို တော့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ထောင်ဒဏ်ခုနစ်နှစ် ချမှတ် လိုက်တဲ့အကြောင်း၊ ကိုသက်လွင်ရဲ့မိသားစုက ဒီအဖြစ်အပျက်နဲ့ပတ်သက်သို့ ရန်ကုန်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းကို အကြောင်းကြားပြီး ကိုသက်လွင်နဲ့ အဆက်အသွယ်ရဖို့ ကြိုးစားခဲ့တယ်လို့ AAPPက ပြောတဲ့ အကြောင်း ထုတ်လွှင့်သွားခဲ့သဗျ။

သို့ကလို VOA က သတင်းထုတ်လွှင့်တဲ့အပြင် အစဉ်အလာမပျက် ပေါ့လေ၊ သတင်းနောက်ဆက်တွဲအဖြစ် AAPP အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး တိတ်နိုင်နဲ့ဗျူးပြီး အခုကိစ္စကို ICRC (အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း) က ဘယ်လိုတုံ့ပြန်အရေးယူထားသလဲတို့၊ ဘာပုဒ်မနဲ့ ဖမ်းဆီးထောင်ချသလဲတို့၊ အဲသလိုတွေ ဇာတ်နာအောင် ကြဲဆောင်ထုတ်လွှင့်ခဲ့ သဗျ။

ပြောပြန်တော့လည်း ပေါက်စ လွန်ရာကျဦးမယ်ဗျာ။ VOA အသံလွှင့် ဌာနဟာ အမေရိကန်အစိုးရက နိုင်ငံတကာကို ဖြန့်ကြက်ထားတဲ့ သတင်း မီဒီယာလုပ်ငန်းကြီးဖြစ်သလို သတင်းနည်းပညာတွေလည်း ခေတ်မီ ဆန်းသစ် နေမှာဖြစ်တယ်လို့ ပေါက်စတို့ ယုံကြည်ရင်းစွဲ ရှိတယ်ဗျာ။

ဒါပေမယ့်လို့ အဲဒီခေတ်မီဆန်းသစ်တဲ့ သတင်းနည်းပညာတွေနဲ့ ကိုယ့်ဆီရောက်လာတဲ့ သတင်းတွေကို သတင်းမှန်၊ မမှန် စိစစ်စုံစမ်းတာ မလုပ်တော့ဘဲ တလွဲဆံပင်ကောင်း ဆိုသလိုမျိုး မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မဟုတ်မမှန် လုပ်ကြံလိမ်ညာ ပုတ်ခတ်စွပ်စွဲတဲ့ သတင်းလိမ်မှန်သမျှ ဘာတစ်ခုမျှ မကျန်စေရအောင် မှန်မှန်ကြီး ထုတ်လွှင့်ပေးနေတာဟာ နိုင်ငံတကာ သတင်း မီဒီယာလောကအတွင်းမှာတော့ အတင်းအဖျင်းဌာနကြီးအဖြစ်နဲ့ သတင်းကြီးလာ ခဲ့တာကိုလည်း VOA က ဆရာသမားများ မကြားရလေရော့သလားလို့ ပေါက်စ ခေါင်းစားမိသဗျ။

အခုလည်း ဖြစ်ရပ်မှန်ကိုထိန်ချန်ပြီး ကလိမ်ဉာဏ်နဲ့ ပို့လိုက်တဲ့ သတင်း လိမ်ကြီးကို ထုတ်လွှင့်နေတဲ့အပြင် နောက်ဆက်တွဲအဖြစ် မထူးဆန်းတဲ့ ဗျူးခန်းနဲ့ ဇာတ်နာအောင်လုပ်လိုက်သေးတာဟာ သတင်းမီဒီယာရဲ့အကျင့်သိက္ခာ အနေနဲ့ VOA ဟာ တစ်ပြားဖိုးမျှ မရှိတော့ဘူးလို ပေါက်စ ပြောရဲသဗျ။

ဘာလို့လဲဆိုတော့ သတင်းရဲ့ အဖြစ်မှန်က အဲဒီ သက်လွင်ဆိုတဲ့ ယာဉ်မောင်းပုဂ္ဂိုလ်လေးဟာ မြန်မာအိုင်ဗင်ဟိုး ကုမ္ပဏီက စီမံကိန်းမန်နေဂျာ ဗြိတိသျှနိုင်ငံသား Dr. Andrew Michell ရဲ့ ယာဉ်မောင်းအဖြစ် ကုမ္ပဏီက ခန့်ထားသူ ဖြစ်တယ်ဗျာ။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်မှာ Dr. Andrew Michell နေထိုင်တဲ့ မြရိပ်ညိုဟိုတယ်က ကုမ္ပဏီကို သွားနေ တုန်းမှာ သက်လွင်က "ဒေါ်အောင်ဆန်းစုကြည်အိမ်ကို သွားချင်သလား၊ တွေ့ချင်သလား"လို့ Dr.Andrew Michell ကို မေးပြီး မော်တော်ယာဉ်ကို ဒေါ်အောင်ဆန်းစုကြည်အိမ်ဘက် မောင်းနေတဲ့အတွက် Dr.Andrew Michell က "တွေ့စရာအကြောင်းမရှိဘူး၊ ကားကိုပြန်ကွေ့ပြီး ကုမ္ပဏီကိုသွားဖို့" တားမြစ်နေပေမယ့် သက်လွင်က ဇွတ်အတင်းအဓမ္မ တက္ကသိုလ်ရိပ်သာလမ်း တားမြစ်ဇရိယာထဲ ကျော်ဖြတ်ပြီး ခြံဝင်းထဲဆီကို မောင်းနှင်လာလို့ သက်ဆိုင် ရာက တားမြစ်ခဲ့တာ ဖြစ်ပါတယ်ဗျာ။

အဲသလို သက်ဆိုင်ရာက တားမြစ်စစ်ဆေးတဲ့အခါမှာ သက်လွင်ဟာ ရူးကြောင်မူးကြောင်နဲ့ ကယောင်ကတမ်းတွေ အော်ဟစ်နေတော့ သက်ဆိုင်ရာ အနေနဲ့ စိတ်ဝေဒနာလား၊ ဝက်ရူးပြန်တာလားလို့ သံသယပွားပြီး ရဲစခန်းထဲမှာ ခေတ္တထိန်းထားစဉ်မှာ မူးရူးအော့အန်နေတဲ့အတွက် ဆရာဝန်တွေနဲ့ ဆီးစစ်တာ၊ စမ်းသပ်စစ်ဆေးတာတွေ လုပ်ရသဗျ။ ထွက်လာတဲ့ အဖြေကတော့ မောင်မင်း ကြီးသား အကောင်းစားပုဂ္ဂိုလ်အထီးလေး သက်လွင်ဟာ မူးယစ်ဆေးဝါး အလွန်အကျွံ သုံးစွဲထားပြီး ဆေးကြောင်နေတဲ့ ဆေးသမားငနဲလေး ဖြစ်နေတာကိုး ခင်ဗျ။

ဆက်ပြီးပြောရရင် Dr.Andrew Michell ကတော့ သူ့ဆန္ဒအရ လာခြင်းမဟုတ်ကြောင်း၊ အဲဒီအမျိုးသမီးရဲ့အမည်ကို ကြားဖူးပေမယ့် လူချင်း မသိတဲ့အတွက် တွေ့ဖို့အကြောင်း မရှိကြောင်း၊ အခုလိုဖြစ်တဲ့ကိစ္စဟာ ယာဉ်မောင်း သမားက မဆင်မခြင်လုပ်တာဖြစ်ကြောင်း၊ ကားကို နောက်ပြန်ကွေ့ဖို့ ပြောနေ ရင်းက ဇွတ်တရွတ်လုပ်တာဖြစ်ကြောင်း တားဆီးနေတဲ့နေရာမှာပဲ ပြေပြေ လည်လည် ရှင်းလင်းတယ်ဗျာ။

ရှင်းရှင်းလေးပဲခင်ဗျာ။ ယာဉ်မောင်း သက်လွင်ကို အရေးယူ အပြစ်ပေးခဲ့ တာဟာ AAPPက ကလီကမာပြောသလို ဘယ်သူဘယ်ဝါနဲ့ သွားတွေ့လို့ မဟုတ်ဘူးခင်ဗျ။ မူးယစ်ဆေးဝါးသုံးစွဲတဲ့ ဥပဒေအရ အရေးယူအပြစ်ပေးခဲ့တာ ပါဗျာ။ အဲဒီဟာကို အဖြစ်မှန်မပြောဘဲ ကလိမ်ကကျစ်ဉာဏ်နဲ့ ICRC အဖွဲ့အစည်းအမည် အသုံးချပြီး ဘိန်းစားတစ်ယောက်ရဲ့ ဆေးစွဲတဲ့ပြစ်မှုနဲ့ အရေးယူတာကိုပဲ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်သလို နိုင်ငံရေးအရောင် ခြယ်ဖို့ မလည်ရှုပ်လုပ်တဲ့ AAPPကို ပေါက်စ ဖြေမဆည်နိုင်အောင် သနားမိ သဗျာ။

လာချည်သေးဗျ။ အဲဒီသတင်းလိမ် ကောက်ရိုးထုပ်ကြီးကိုပဲ VOAက တခမ်းတနားနဲ့ အဖွဲအဆွဲ လုပ်ချလိုက်တာကတော့ AAPP အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးဖြစ်တဲ့ တိတ်နိုင်နဲ့ ဗျူးတာဟာလည်း ဆေးစွဲ နေတဲ့ ဘိန်းစားငနဲကို အရေးယူတာနဲ့ပတ်သက်ပြီး ICRC က မြန်မာအစိုးရကို အရေးယူရမယ့်အတိုင်း ခိုင်းသလိုစေသလို အသံမျိုးနဲ့ မေးလားစမ်းလား လုပ်ပြနေတော့ အဖေသူကြီး အားကိုးရှိလို့ ရွာရိုးကိုးပေါက် ရမ်းကားနေတဲ့ သူကြီးသား လူရမ်းကားနဲ့ VOAဟာ တစ်ထေရာတစ်ခြေရာတည်းပါကလား ဆိုပြီး ပေါက်စ တရားကျမိသဗျ။

ဘယ့်နှယ်ဗျာ။ ICRCဆိုတာကလည်း နိုင်ငံတကာမှာ သူနဲ့ပတ်သက်တဲ့ အရေးအရာ ကိစ္စတွေကို သွားလာလှုပ်ရှားဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်တော့ ခပ်ညံ့ညံ့ ပေါ့သေးသေး မဟုတ်ဘူးခင်ဗျ။ အဲသဟာကို ဘူးမှန်းမသိ၊ ဖရုံမှန်း မသိဘဲ ဆေးစွဲနေတဲ့ ဘိန်းစားအမှုကို နိုင်ငံရေးအရောင်ခြယ်သ မွမ်းမံပြီး ကလိမ်ဉာဏ် တစ်ထွာတစ်မိုက်နဲ့ ICRCရဲ့ တရားဝင် လုပ်ပိုင်ခွင့်ပေါ်မှာ အချောင်နှိုက် အသုံးချဖို့ မဖြစ်ဉာဏ်ကျယ် လိမ်လည်နေတယ်ဆိုတာ သိနေတော့ ICRC က တုံဏှိဘာဝေ ဆိတ်ဆိတ်နေသပေါ့ဗျာ။ အဲသဟာကို သဘော မပေါက်တဲ့ VOA ကို ပေါက်စ လက်လန်တယ်ဗျာ။

VOAအသံလွှင့်ဌာနကလည်း အဲဒီသတင်းလိမ်ကြီးကို အမြတ်ထုတ် အသုံးချပြီး မြန်မာအစိုးရအပေါ် ပုတ်ခတ်စွပ်စွဲသမျှဟာ သူတို့နဲ့ ဘာကမျှ မသက်ဆိုင်တဲ့အကြောင်း ကြိုတင်မောင်းခတ် ကြေညာသွားပုံကလည်း "AAPP အတွင်းရေးမှူးကို တိတ်နိုင် ပြောသွားတာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အတည်ပြုနိုင်ဖို့ ရန်ကုန်က အိုင်ဗင်ဟိုးကုမ္ပဏီလီမိတက်ကို ဆက်သွယ်မေးမြန်း ကြည့်တဲ့အခါ ဘယ်လိုမှ ကောက်ချက်မပေးနိုင်ဘူးလို့ ပြောပါတယ်။ စင်ကာပူနဲ့ ကနေဒါမှာရှိတဲ့ အိုင်ဗင်ဟိုးကုမ္ပဏီရုံးတွေကို ဆက်သွယ်ခဲ့ပေမယ့်လည်း တုံ့ပြန် ချက် မရရှိခဲ့ပါဘူး"ဆိုပြီး ဖြစ်သမျှဒဏ် ငဝက်ခံ သဘောမျိုးနဲ့ AAPPအပေါ် လွှဲချလိုက်သပေါ့ဗျာ။

တစ်ခုပဲ မေးချင်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဌာနအဖွဲ့အစည်းက အတည်မပြုတဲ့ သတင်းကို VOAက ထုတ်လွှင့်ခဲ့တာရော၊ အဲဒီသတင်းကြီးကိုပဲ တပွေ့တပိုက်နဲ့ ဟိုလိုက်ဖွ၊ ဒီလိုက်ဖွတဲ့ ဗျူးခန်းကြီးနဲ့ တခမ်းတနား လုပ်ခဲ့ တာရော VOAအနေနဲ့ သဘောရိုးပါသလားခင်ဗျား။ နိုင်ငံတကာ သတင်း မီဒီယာတွေရဲ့ ကျင့်ဝတ်သိက္ခာအရ အတည်မပြုနိုင်တဲ့ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ရိုး မရှိသလို သတင်းစာမျက်နှာပေါ်မှာ အက္ခရာစာလုံး သီကုံးရေးဖွဲ့ ဖော်ပြခဲ့တဲ့ အစဉ်အလာလည်း မရှိရိုးအမှန်ပါခင်ဗျာ။

ပြောမယ်ဆိုရင်တော့ အခုလိုမျိုး သတင်းလိမ် သတင်းမှားတွေနဲ့ နိုင်ငံ တကာ ပြည်သူတွေကို လှည့်စားဖြားယောင်းသလို ထုတ်လွှင့်နေတဲ့ VOA အနေနဲ့ သက်ဆိုင်ရာ ကိုယ်စားပြုတဲ့နိုင်ငံနဲ့ အစိုးရအဖွဲ့အစည်းကို နိုင်ငံတကာ နယ်ပယ်မှာ ယုံကြည်ဖွယ်မရှိတဲ့ဘဝရောက်အောင် ပို့ဆောင်နေပါကလားလို့ သတိတရားလေးများ ရစေချင်တာကတော့ ပေါက်စတို့ မြန်မာလူမျိုးများရဲ့ ရိုးသားတဲ့ စေတနာတရား အစစ်ဧကန် ဖြစ်ပါတယ်ခင်ဗျာ။

အဲ -တစ်ခုတော့ ရှိသပေါ့ဗျာ။ AAPPဆိုတဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းကလည်း အဲသလို သတင်းလိမ် သတင်းမှား တွေကို ဘယ်လို ချောင်ကြိုချောင်ကြားက ရလာပြီး VOAကို ပေးပို့ခဲ့သလဲ ဆိုတာ သတင်းလက်ခံဖြန့်ချိသူ AAPPနဲ့ သတင်းလိမ် သတင်းမှား ပေးပို့ သူတို့ပဲ သိကြမှာပေါ့ခင်ဗျာ။

သို့သော်လည်းပေါ့ဗျာ။ VOAအသံလွှင့်ဌာနအနေနဲ့ AAPPက ကလီ ကမာ သတင်းလိမ် သတင်းမှားတွေ အကြိမ်ကြိမ်ပို့သမျှ မစစ်ဆေး မမေး မြန်းဘဲ ဗျောသံကြားနဲ့ တရားနာသလို နားကလေးစွင့်ပြီး ချွန်တွန်းပင့် စိတ်ဓာတ်နဲ့ အမြတ်ထုတ် အသုံးချတာဟာ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို ဘယ်လိုမှ မပွန်းပဲ့ မထိခိုက်နိုင်ပေမယ့် VOAကတော့ နိုင်ငံတကာ သတင်း မီဒီယာလောကမှာ သုံးစားမရတဲ့အထိ သိက္ခာမဲ့တာပေါ့ဗျာ။

အဲ-တစ်နည်းစဉ်းစားကြည့်ရင်လည်း VOA အသံလွှင့်ဌာနရဲ့ ရိုးသားတဲ့ သတင်းမီဒီယာ စိတ်ရင်းအမှန်ပေါ်မှာ AAPPက အချဉ်ဖမ်း လုပ်ကြံအသုံးချ လေသလား၊ ဒါမှမဟုတ် မြန်မာနိုင်ငံတွင်းမှာရှိနေတဲ့ ဘေးထိုင် ဘိုင်ကျ ဘုပြောကြတဲ့ ဘသုံးလုံး လူတန်းစား နိုင်ငံရေးဇာတ်ပျက် တစ်စုံတစ်ယောက်နဲ့ တစ်အုပ်စုတို့က မဟုတ်မမှန် လုပ်ကြံလီဆယ်တဲ့ သတင်းလိမ် သတင်းမှားတွေ ပေးပို့ပြီး AAPPကို အသုံးချလေသလားဆိုတာ ကာယကံရှင်များပဲ သိနိုင်တော့ ပေါက်စ ကြားကနေ အခမဲ့ ခေါင်းစားမခံပါရစေနဲ့ခင်ဗျာ။

ကဲ-ပေါက်စ စကားကို အနားသတ်ပါတော့မယ်ခင်ဗျာ။ အခုလို ဆေးစွဲနေတဲ့ ဘိန်းစားတစ်ယောက်ကို မြန်မာအစိုးရက သက်ဆိုင်ရာ မူးယစ်ဆေးဝါးဥပဒေအရ အပြစ်ပေး အရေးယူခဲ့တာကိုပဲ ဟိုလူဒီလူနဲ့တွေ့လို့ အရေးယူသလိုမျိုး၊ အချိုးမပြေတဲ့ စကားတွေနဲ့ လှည့်ဖြားလိမ်လည်ပြီး ပုတ်ခတ်စွပ်စွဲတဲ့ သတင်းလိမ် သတင်းမှားကို တခမ်းတနားလုပ် ထုတ်လွှင့်ခဲ့တဲ့ VOA အသံလွှင့်ဌာနကအစ အဲဒီသတင်းလိမ်ကို ကြေညာခဲ့တဲ့ AAPPရဲ့ ကလီကမာ လုပ်ကြံမှုအလယ် မဖွယ်မရာ အတင်းအဖျင်းအထုပ်စုတ်ကို သတင်းလုပ် ပေးပို့ခဲ့တဲ့ ပြည်တွင်းက ဘသုံးလုံးလူတန်းစား နိုင်ငံရေး ဇာတ်ပျက်များအဆုံး အားလုံးသော ပုဂ္ဂိုလ်အထီး၊ အမ၊ ကြီး၊ ငယ်၊ ရွယ်လတ် ဆိုက်စုံ ဂိုက်စုံတွေရဲ့ ဘဝဟာ လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ လို့ပဲ ပေါက်စ သူတို့ကိုယ်စား ခံစားနားလည်ခြင်း စေတနာအရ ပြည်ပေါ်မှာ ရွှေကြော်ငြာ ထုတ်လိုက်ပါတယ်ခင်ဗျား။ ။

(၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်တွင် ဝါဆိုတော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသော စာချစာသင် အရှင်မြတ် ၃၆၀ ပါးတို့ကို (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ဩဂုတ် ၁ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ပဋ္ဌာနိကာယမဓ္ဈ သဘင်၌ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ သင်္ကန်းဒွိစုံ၊ ထီးနှင့် ဖိနပ်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -The State (ပထမနှစ်-ဥပဒေပညာအထူးပြု)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၈)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်"**
	၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် အယောင်ဆောင်စွမ်းအားရှင် (အပိုင်း-၁)**
	၂၆။ သင့်အတွက်မနက်ဖြန်
	၂၇။ အပိတ်နှုတ်ဆက်စကား
	၂၈။ ပြီးပါပြီ။

စာမျက်နှာ ၅ မှ

လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်အား ဇူလိုင် ၁၂ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction Corporation မှ President, Mr. Ma Yanliနှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊China CAMC Engineering Co.Ltd မှ President, Ms. Luo Yang နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Scivic Engineering Corporation မှ Mr. Shou Jinsong နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Shandon Boshan Pumps Co. Ltd. မှ President, Mr. Sun Longpin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Export and Credit Insurence Corporation (SINOSURE) မှ President, Mr. Tang Ruoxin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Machinery Equipment Import & Export Corporation (CMEC) မှ Vice President, Mr. Cao နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Shandon Weichi Import & Export မှ မန်နေဂျင်းဒါရိုက်တာ Mr. Wang Fengyi နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် ဆည်မြောင်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းလည်း တက်ရောက်သည်။

လာရောက်တွေ့ဆုံ

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ဇူလိုင် ၁၂ရက် နံနက်ပိုင်းနှင့် မွန်းလွဲ ပိုင်းတို့တွင် Tianjin Machinery Import & Export Corporation မှဥက္ကဋ္ဌ Mr. Sun Jin Rong နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China CAMC Engineering Co.Ltd. မှ President, Ms. Luo Yang နှင့်အဖွဲ့ဝင်များသည်လည်းကောင်း၊ China National Building Material Equipment Corporation (CBMEC) မှ Vice President, Ms. Feng Feng နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ China National Technical Import & Export Corporation (CNTIC) မှ President, Mr. Jiang Xin Sheng နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Textile Machinery and Technology Import &Export Corporation မှ Vice President, Mr. Cheng Jing နှင့်အဖွဲ့ဝင်များသည်လည်းကောင်း၊ China National Pharmacutical Foreign Trade Corporation မှ Vice President, Mr. Li Zhixin နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ Beijing Bridge Machinery & Electric Co., Ltd. မှ Director, Mr. Joseph Zhao နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Yinshan Ceremics Co., Ltd. (Boshan Shandong) မှ President, Mr. Zhao Qin Lei နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Chenda Engineering Corporation of China မှ President, Mr. Cao Guang နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Machinery & Equipment Import & Export Corporation (CMEC) မှ Vice President, Ms. Zhou Li နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Hairan Jiayi Machine Import & Export Co., Ltd. မှ President, Mr. Zhang Sheng နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Hongga International Trading Co., Ltd. မှ President, Mr. Bai Wei Hua နှင့်အဖွဲ့ဝင်များသည် လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့လာရောက် တွေ့ဆုံကြပြီး နှစ်နိုင်ငံ စက်မှုကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံကြရာတွင် ဝန်ကြီး ဦးအောင်သောင်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင်၁၄ရက်က ရှန်ဟိုင်းမြို့ လေဆိပ်တွင် ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် Mr.Tong Deng Jie နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်အား China Nonferrous Metal Mining & Construction Co., Ltd. (CNMC)မှ ဥက္ကဋ္ဌ Mr. Zhang Jiam နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၂ရက် မွန်းလွဲ ၁နာရီတွင် လည်းကောင်း၊ China Wanbao Engineering Corporation မှ ဥက္ကဋ္ဌ Mr. Li De နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ မိနစ် ၅၀ တွင် လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ သတ္တုကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့်အတူ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးတို့ တက်ရောက်ကြသည်။

စုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က ရီချန်းမြို့ World Peace Park၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးကြပြီး စုပေါင်းဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ရထားဝန်ကြီး

ထို့အတူ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ NORINCO ကုမ္ပဏီမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၂ ရက်က ပေကျင်းမြို့ရှိ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စက်မှုကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က ရှန်ဟိုင်းမြို့ **Shanghai Centre Theatre**၌ ပြသသည့် ပျော့ပျောင်းသန်မာမှု အခြေခံကျွမ်းဘားသရုပ်ပြကွက်၊ မျက်လှည့်ပြကွက်နှင့် အခြားစွမ်းရည်ပြသမှု ပြကွက်များဖြင့် ဖြေဖျော်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

➥ စာမျက်နှာ ၇ မှ

Executive Director, Mr. Li De နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Northern Locomotive & Rolling Stock Industry (Group) Corporation မှ Deputy President, Mr. Zhao Guangxing နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China CAMC Engineering Co. Ltd မှ President, Ms. Luo Yan နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ဇူလိုင် ၁၂ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းများတွင် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဇူလိုင် ၁၂ရက် မွန်းလွဲ ၁နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Ihang Chunkan အား ပေကျင်းမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ရေကြောင်း၊ လေကြောင်းခရီးစဉ်များ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေး၊ မဲခေါင်မြစ်ကြောင်း၌ သင်္ဘောများ သွားလာရေးတို့ကို ဆွေးနွေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၃ ရက်က ပေကျင်းမြို့ရှိ All-China Women's Federation ဧည့်ခန်းမ၌ All-China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိုရွှန် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေးဝန်ကြီး

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Minister of Information Industry , Mr. Wang Xudong သည် ဇူလိုင် ၁၂ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Beijing Hotel သို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery & Equipment Import & Export Co., Ltd. မှ President, Mr. Yao Yuning နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Alcatel Shanghai Bell Co., မှ ဥက္ကဋ္ဌ Mr. Yuan Xin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Yangtze Optical Fibre & Cable Co., Ltd. မှ Chief Representative , Mr. Zhen Xin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ဇူလိုင်၁၂ရက်မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်မှုအခြေအနေများကို ဆွေးနွေးကြသည်။

စွမ်းအင်ဝန်ကြီး

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီအား SINOPEC ရေနံကုမ္ပဏီ၏ ကုမ္ပဏီခွဲဖြစ်သော Dangsheng Petroleum Development Corporation ၏ ဥက္ကဋ္ဌ Mr. Liu Xiaoming နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Worldbest Group Co., Ltd. မှ ဥက္ကဋ္ဌကိုယ်စား Mr. Jiang Chengxun နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Aviation Gas Turbine Co., Ltd. မှ Vice President, Mr. Yu Pei Min နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Huanqiu Contracting & Engineering Corporation မှ President, Mr. Wang Shi Hong နှင့် Lanthon Petroleum and Chemical Machinery Works ၏ Vice President, Mr. Ye Ruic တို့သည်လည်းကောင်း၊ Nanyang Huamei Petroleum Equipment

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၃ရက်က ပေကျင်းမြို့ရှိ All-China Women's Federation ဧည့်ခန်းမ၌ All- China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိုရွှန်နှင့် အပြန်အလှန် လက်ဆောင်ပစ္စည်း ပေးအပ်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်
စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝ
နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြ
များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အ

Chengxun နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Aviation Gas Turbine Co., Ltd. မှ Vice President, Mr. Yu Pei Min နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Huanqiu Contracting & Engineering Corporation မှ President, Mr. Wang Shi Hong နှင့် Lanthon Petroleum and Chemical Machinery Works ၏ Vice President, Mr. Ye Ruic တို့သည်လည်းကောင်း၊ Nanyang Huamei Petroleum Equipment Co., Ltd မှ Vice President, Mr. Yin Yangjing နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Metallurgical Construction Corporation မှ President, Mr. Yanli Ma နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China CAMC Engineering Co., Ltd. မှ President, Ms. Luo Yan နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Petroleum Corporation မှ Vice President , Mr. Zhan Jijing နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Offshore Oil Corporation မှ Director, Mr. Sheng Jianbo နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Petrochemical Corporation (SINOPEC) မှ Vice President, Mr. Zhang Yaocang နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Petroleum Technology & Development Corporation (CPTDC) မှ President, Mr. Hanliang Zhang နှင့် အဖွဲ့ဝင်များသည်လည်းကောင်း ဇူလိုင် ၁၂ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၃ရက်က ပေကျင်းမြို့ရှိ All-China Women's Federation ဧည့်ခန်းမ၌ All- China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိရွှန်နှင့် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

...က်တာဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၃ရက်က ... All- China Women's Federation ... ပေးအပ်ကြစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီး

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import& Export Co., Ltd. (YMEC) မှ President, Mr. Feng Ke နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၂ရက် နံနက် ၈နာရီခွဲတွင် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီ ရေအားလျှပ်စစ် စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ နံနက် ၉နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery & Equipment Import & Export Corporation (SCMEC) မှ President, Mr. Yao Yuning နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး ရွှေလီ-မန္တလေး ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း၊ ရွှေလီ ရေအားလျှပ်စစ် စီမံကိန်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electric Equipment Corporation (CNECC) မှ President, Mr. Jia Ding နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းနှင့် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust & Investment Corporation (CITIC) မှ President, Mr. Sun Xiaowen နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မုန်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinohydro Corporation မှ Vice President, Mr. Liu Quitao နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်၊ မုန်းနှင့်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် China National Heavy Machinery Corporation (CHMC) မှ President, Mr. Lu Wenjun နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး တိကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် ကွန်း ရေအားလျှပ်စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညနေ ၃နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dongfang Electric Corporation (DEC) မှ President, Mr. Luo Zhigang နှင့် အဖွဲ့ဝင်များသည် ဇီချွမ်ပြည်နယ်မှ တာဘိုင်ဂျင်နရေတာ ထုတ်လုပ်သည့် စက်ရုံအကြောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ဇူလိုင် ၂၀ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Toshiaki ENDO နှင့် အောက်လွှတ်တော်အမတ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ကျော) (သတင်းစဉ်)



အစည်းအဝေးတက်ရန် လာအိုအဖွဲ့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ ရက်မှ ၂၂ရက် အထိ ရန်ကုန်မြို့၌ ကျင်းပမည့် နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သော စတုတ္ထအကြိမ် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

လာအို ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုန်ဆာဘတ်ဘိုဖာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်း၊ လာအို ဒီမိုကရစ်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချမ်တာဗီဘိုဟီစိမ်းနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ စီးပွားရေး အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

▲ **ကျောဖုံးမှ**

ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေး၌ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေး၌ စက်မှုဇုန်များ၏ လုပ်ငန်းတိုးတက်ဖြစ်ပေါ်မှုနှင့် သုံးသပ်တွေ့ရှိချက်များကို ပြောကြားလိုကြောင်း။

ခေတ်မီစက်ရုံများ

ယခုအခါ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်းပုံထောင်းစက်ရုံများ ထူထောင်တော့မည်ဖြစ်ရာ ပုဂ္ဂလိက အရည်အသွေးအဆင့်အတန်းမီ သံရည်ကျိုပုံလောင်းပစ္စည်းများ ထွက်ရှိလာမှာဖြစ်ကြောင်း။

လောလောဆယ် စက်မှုဇုန်များ၌ တည်ရှိနေသော ပုဂ္ဂလိက သံရည်ကျို သံထည်စက်မှုလုပ်ငန်းများကို လေ့လာစိစစ်သည့်အခါ လုပ်ငန်းအများစုမှာ မိရိုးဖလာလုပ်ငန်းများဖြစ်ပြီး ရရာသံတိုသံစများကို မီးသွေးဖြင့် အပူပေးကာ ပုံသွန်းလောင်းပြီး လိုအပ်သော စက်အစိတ်အပိုင်းများ ထုတ်ပေးနေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ကုန်ကြမ်းအရည်အသွေးမမီခြင်း၊ လိုအပ်သော ဓာတ်ကူပစ္စည်းများ ပြည့်စုံစွာမသုံးနိုင်ခြင်း၊ အရည်အသွေးစစ်ဆေးမှုမရှိခြင်းတို့ကြောင့် ထုတ်လုပ်သော ကုန်ပစ္စည်းတို့မှာ ယှဉ်ပြိုင်အားမရှိဘဲ ပြည်တွင်း၌သာ ကြိုးစားသုံးစွဲနေရသည့် အဆင့်သာ ရှိနေကြောင်း။

အပြည့်အဝအသုံးချ

ထို့ကြောင့် ယင်းပုဂ္ဂလိက မိရိုးဖလာ သံရည်ကျိုလုပ်ငန်းများ အဆင့်မီလာအောင် ဝိုင်းဝန်းကူညီသွားကြရန် လိုအပ်မှာဖြစ်သကဲ့သို့ စက်မှုဇုန်သုံးခု၌ ထူထောင်မည့် ခေတ်မီသံရည်ကျိုလုပ်ငန်းစက်ရုံများကို မြန်မြန်ဆန်ဆန် စနစ်တကျပြီးစီးအောင် ထူထောင်ပြီး စက်အင်အားကို အပြည့်အဝအသုံးချနိုင်အောင် စီမံကြရမှာဖြစ်ကြောင်း။

ခေတ်မီ သံရည်ကျိုစက်ရုံများနှင့် ဆက်စပ်၍ ခေတ်မီ "မို"ထုတ်လုပ်သည့် အလုပ်ရုံကိုလည်း ထူထောင်သွားမှာဖြစ်၍ ပြည်တွင်းသုံးစွဲရေးသာမက ပြည်ပတင်ပို့နိုင်သည့် ပစ္စည်းများကိုပါ အလေးထား ထုတ်လုပ်နိုင်တော့မှာ သေချာလျက်ရှိကြောင်း။

ခြုံလိုက်လျှင် သေချာသော ပြည်တွင်း ပြည်ပဈေးကွက် ခိုင်ခိုင်မာမာရှိနေသဖြင့် သံထည်လုပ်ငန်း ဖွံ့ဖြိုးမှုကို အခြေခံပြီး မြန်မာ့စက်မှုလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ကြောင်း။

လယ်ယာသုံးစက်ကိရိယာ

ခေတ်မီသံရည်ကျိုလုပ်ငန်းကို အခြေပြု၍ စက်မှုလယ်ယာလုပ်ငန်းအတွက် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာများ ပိုမိုတိုးချဲ့ ထုတ်လုပ်သွားနိုင်အောင် ယခုကတည်းကပင် ကြိုးပမ်းစီစဉ်သွားကြရမှာ ဖြစ်ကြောင်း။

လယ်ယာလုပ်ငန်း၌ လိုအပ်သော လက်တွန်းထွန်စက်ကို ထုတ်လုပ်ရာ၌ နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့က လောလောဆယ် အနေအထားအရ တစ်နှစ်လျှင် အများဆုံးစီးရေ နှစ်သောင်းခန့်သာ ထုတ်လုပ်နိုင်သေးရာ များစွာ တိုးချဲ့ထုတ်လုပ်သွားရန် လိုအပ်နေကြောင်း။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့အတူ စပါးစိုက်ကွင်း၌ပင် အသုံးပြုနိုင်သည့် ဆန်စက်ငယ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များက နိုင်ငံခြားစံချိန်မီ နမူနာထုတ်လုပ်ထားပြီဖြစ်ရာ စက်မှုဇုန်များက နမူနာရယူပြီး ဆက်လက်ထုတ်လုပ်သွားနိုင်ရန် လိုအပ်ကြောင်း။

အလေးထားလုပ်ဆောင်သင့်

အလားတူ ကျေးလက်ဒေသများ၌ လျှပ်စစ်မီးရရှိရေးအတွက် အထောက်အကူပြုနိုင်သည့် ရေအားလျှပ်စစ်တာဘိုင်စက်ငယ်များ၊ ဇီဝဓာတ်ငွေ့သုံး၍ လျှပ်စစ်ထုတ်လုပ်နိုင်သည့် စက်ငယ်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရေး၊ တိုးချဲ့စိုက်ပျိုးလာသော ဆီအုန်းခြံများအပေါ် အခြေခံသည့် ဆီအုန်းဆီကြိတ်စက်ရုံနှင့် ဆီသန့်စက်ရုံတို့ကို ပြည်တွင်း၌ပင် ထုတ်လုပ်ရေးတို့ကို အလေးထား လုပ်ဆောင်သွားသင့်ကြောင်း။

ယင်းသို့ ကြိုးပမ်းလုပ်ဆောင်လာသည်နှင့်အမျှ နိုင်ငံတော်က အားပေးမျှော်မှန်းထားသည့်အတိုင်း ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ စက်မှုကဏ္ဍသည် သိသိသာသာ အရှိန်အဟုန်ဖြင့် တိုးတက်သွားမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

အဓိကဦးစားပေး

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန် စက်မှုဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေ လိုအပ်ပါကြောင်း၊ ဘက်စုံ စက်မှုဖွံ့ဖြိုးရေးတွင် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုဖွံ့ဖြိုးရေးသည် အဓိကဦးစားပေးဖြစ်ကြောင်း။

လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများကို တိုးမြှင့်အသုံးပြုလာနိုင်သည်နှင့်အမျှ စိုက်ပျိုးရေးစရိတ်များ ကုန်ကျမှုသက်သာပြီး တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း။

စက်မှုဇုန်များအနေဖြင့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ၊ စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ အများအပြား ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်တို့တွင် သံရည်ကျိုပုံလောင်းပုံထောင်း စက်ရုံများ ဖြစ်ပေါ်လာအောင် နိုင်ငံတော်အပိုင်းက အားပေးပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းရှင်များ လိုအပ်သည့် ငွေကြေးများချေးယူနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားပြီဖြစ်ကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ဘက်ပေါင်းစုံက အားပေးလျက်ရှိရာ စက်မှုဇုန်အလိုက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်လာအောင် စက်မှုဇုန်အလိုက် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ပေါင်းစပ်ညှိနှိုင်းမှုကောင်းကောင်းဖြင့် ကြိုးကြိုးစားစား အားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သံရည်ကျိုလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ မှာကြားဝယ်ယူထားသည့် အခြေအနေများ၊ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများ၌ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများနှင့် သတိထား ဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြည်တွင်း၌ပင် ရရှိနိုင်သည့် စက်အစိတ်အပိုင်းများဖြင့် တီထွင်ထုတ်လုပ်ထားသည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ ဆန်စက်ငယ်နှင့် စပ်လျဉ်းသည်များကို လည်းကောင်း၊ အင်းစိန်ရှိ အမှတ်(၀၃) ဖွဲ့နုဆီစက်တွင် စားအုန်းဆီကြိမ်များကို သန့်စင်ပြီး စားအုန်းဆီသန့်များ ထုတ်လုပ်နိုင်သည့် စားအုန်းဆီ သန့်စင်စက် တီထွင်ထုတ်လုပ်ထားသည့် အခြေအနေများကိုလည်းကောင်း ပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဖြည့်စွက်ဖွဲ့စည်းသင့်သော သံနှင့် သံမဏိ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ပခုက္ကူစက်မှုဇုန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကလေးစက်မှုဇုန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြိတ်စက်မှုဇုန်နှင့် စပ်လျဉ်း၍လည်းကောင်း စက်မှုဇုန်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်မှုဇုန်သုံးဇုန်၌ တည်ဆောက်သွားမည့် သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်းစက်ရုံများအတွက် စက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ မှာယူထားမှုနှင့် ရောက်ရှိလာမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက စက်မှုဇုန်များ၏ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရေး အလေးထားဆောင်ရွက်သွားရမည့် အချက်များကို ထပ်မံရှင်းလင်းတင်ပြသည်။

အလေးထားအားပေးနေ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လက်တွေ့ကျကျ အလေးထားအားပေးနေသကဲ့သို့ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လက်ရာလက်သားနိုင်နင်းရေး (Workmanship)၊ တိကျသေချာမှုရှိရေး (Precision)၊ သုံးစွဲသည့် သံသတ္တု (Metallurgy) အရည်အသွေးပြည့်မီရေး၊ ခေတ်နှင့်အမီလိုက်နိုင်ရေး၊ တီထွင်ကြံဆဖန်တီးနိုင်စွမ်းရှိရေး စသည့် အချက်ငါးချက်ကို အလေးထား လုပ်ကိုင်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားကြောင်း။

ယင်းလမ်းညွှန်မှုများနှင့်အညီ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်နှင့်အမျှ စက်မှုကုန်ချောပစ္စည်းများသည် အရည်အသွေး အဆင့်အတန်းမီလာပြီး ဈေးကွက်ကို တိုးချဲ့ထိုးဖောက်နိုင်ကာ စက်မှုကဏ္ဍသည်လည်း တိုးတက်ဖွံ့ဖြိုးလာမှာ သေချာကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးလာနေပြီဖြစ်သော စက်မှုကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်သည်ထက် တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဆန်စက်လုပ်ငန်းရှင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်းသာယာခန်းမ၌ စီစဉ်ပြသထားသည့် နိုင်ငံခြားလုပ် ခေတ်မီဆန်စက်ငယ်တို့ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်ထားသည့် ခေတ်မီဆန်စက်ငယ်များနှင့် အသုံးပြုနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ကြိတ်ခွဲရရှိသည့် ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ စပါးခွံများ၊ ဆန်စက်ငယ်၏ စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ဂုဏ်ပြုချီးမြှင့်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခေတ်မီဆန်စက်ငယ်များကို တီထွင်ထုတ်လုပ်သည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။
(သတင်းစဉ်)

ဇူလိုင် ၂၀ရက်က စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေတ်မီ ဆန်စက်ငယ်များကို တီထွင်ထုတ်လုပ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။ (သတင်း-ကျော်) (သတင်းစဉ်)

တတိယအကြိမ် "ဆရာဝန်တင်ရွှေစာပေဆု" ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီစိစစ်ရွေးချယ်မှုဖြင့် နိုင်ငံတော်၏ စာပေဖွံ့ဖြိုးရေး ထောက်ပံ့အားပေးမှုများကို တစ်တပ်တစ်အား ကူညီဖြည့်စွမ်းရန်အတွက် "ဆရာဝန်တင်ရွှေစာပေဆု" ဟူသော အမည်ဖြင့် ဆရာဝန်တင်ရွှေ မိသားစုက တီထွင်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် တတိယအကြိမ် ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်သည်။

တင်ရွှေစာပေသည် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ရက်က ကွယ်လွန်သွားခဲ့သော စာရေးသက် နှစ် ၃၀မျှ ရှိခဲ့သည့် ဆရာဝန်စာရေးဆရာကြီး ဒေါက်တာဦးတင်ရွှေ၏ စာပေမြတ်နိုးစိတ်၊ စာပေဝန်ဆောင်မှုပြုလိုသော စေတနာတို့ကို မပျောက်မပျက် အမှတ်တရပြုလိုသောအားဖြင့် "ဆရာဝန်တင်ရွှေ စာပေဆု" ကို တည်ထောင်ခြင်းဖြစ်ပြီး တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များ ထဲမှဖိတ်ခေါ်၍ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ စာအုပ်များကို တစ်မျိုးလျှင် နှစ်အုပ်စီ စာရေးသူ သို့မဟုတ် ထုတ်ဝေသူထံမှ ပေးပို့ရန်ဖိတ်ခေါ်သည်။ တစ်နှစ်အတွင်း အသင့်လျော်ဆုံးနှင့် အလိုအပ်ဆုံးဟု ယူဆသော ဝတ္ထု မဟုတ်သည့် စာအုပ် (Non-Fiction)များကို စာပေပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် ရွေးချယ်မည်ဖြစ်သည်။ ဆုငွေဖြင့် ရွေးချယ်ခံရသော စာပေဆုတစ်ဆုအတွက် ယမန်နှစ်က ငွေကျပ်၆၀၀၀၀စီ ချီးမြှင့်ခဲ့သည်။

လေးဦးရှိပြီ

၂၀၀၁ ခုနှစ်မှစ၍ ပြီးခဲ့သည့် နှစ်နှစ်အတွင်း ဆရာဝန်တင်ရွှေ စာပေဆု (စာအုပ်)ဆုဖြင့် အားပေးချီးမြှင့်ခံရသော စာရေးဆရာများမှာ ပခုက္ကူဦးအုံးဖေ၏ "တွေ့ရကြုံရ ကျွန်တော့ဘဝ"၊ ဦးသိန်းခိုင်(အာရုနေဘဏ်)၏ "နိုင်ငံတကာဘဏ်လုပ်ငန်း (ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ)"၊ လယ်တွင်းသား စောချစ်၏ "ဥပဓိရုပ်"၊ နာဂတင်ဦး၏ "စနေသား၏ဘဝတိုက်ပွဲ"ဟူ၍လေးဦး ရှိပြီဖြစ်သည်။

ပေးပို့နိုင်

ပါဝင်ယှဉ်ပြိုင်လိုသော စာရေးသူ၊ ထုတ်ဝေသူများသည် မိမိတို့၏ သုတစာပေ အကြောင်းရပ်ဆိုင်ရာ စာအုပ်နှစ်အုပ်နှင့်အတူ သဘောတူဆန္ဒပြုလွှာ ဖြည့်စွက်လျက် ဒေါ်သက်သက်ရွှေ တင်ရွှေစာပေ အမှတ်(၃၉) ဦးကြွယ်ဟိုးလမ်း ကြည့်မြင်တိုင်မြို့နယ်သို့ ဩဂုတ် ၂၀ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။ (သတင်းစဉ်)

ပိုက်ကျော်ခြင်းအဖွဲ့ သရုပ်ပြခရီးထွက်မည်

ရန်ကုန် ဇူလိုင် ၂၀

ပိုက်ကျော်ခြင်းအားကစား တစ်နိုင်ငံလုံး အတိုင်းအတာအထိ ကျယ်ပြန့်ကာ ပြည်သူများအကြား နည်းစနစ်များ ပြန့်ပွားပြီး မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာနိုင်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအား ဒေသန္တရ ဗဟုသုတရှာမှီး၍ အပန်းဖြေနိုင်စေရန် တို့ကိုရည်ရွယ်ပြီး ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၄ရက်အထိ တောင်ကြီး၊ မိတ္ထီလာ၊ တောင်ငူနှင့် ပဲခူးမြို့များသို့ လှည့်လည်သွားရောက်၍ သရုပ်ပြယှဉ်ပြိုင်ပွဲများကျင်းပသွားရန် စီစဉ်ထားသည်။

အဆိုပါ အားကစားအဖွဲ့တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုးဆန်းအောင် ဦးဆောင်ပြီး အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ စုစုပေါင်း အမျိုးသား၊ အမျိုးသမီး ၄၀ပါဝင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြိုဆို

ဇူလိုင်၂၀ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး အီဂျစ် အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ အီဂျစ် အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohamed Mohamed Minessy နှင့် ဇနီး တို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက္ကသိုလ်ထင်ကြီး၏ စာပေအလှူ

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ကွယ်လွန်သွားခဲ့သော မြန်မာစာအဖွဲ့ဝင် စာပေဗိမာန်ညွှန်ကြားရေးမှူး(ငြိမ်း) နှင့် သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ရ ကလောင်အမည်"တက္ကသိုလ်ထင်ကြီး" (ဦးတင်မောင်)၏ ကျန်ရစ်သူမိသားစုက ဆရာတက္ကသိုလ်ထင်ကြီး၏ ချွေးနဲ့စာငွေကြေးမှ ငွေကျပ် သုံးသိန်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ မကြာမီက လှူဒါန်းသည်။

ဆွတ်ခူးခဲ့

ဆရာတက္ကသိုလ်ထင်ကြီးသည် စာပေထုတ်ဝေရေးဆိုင်ရာ သမိုင်း အချက်အလက် စုဆောင်းမှုတွင် အစဉ်တစိုက် စိတ်ပါဝင်စားလျက် နည်းပေးလမ်းပြပြုလုပ်ပြီး မြန်မာနိုင်ငံသတင်းစာများဆိုင်ရာ သမိုင်းအချက်အလက်များနှင့်ဆိုင်ရာ လူမှုရေးခေတ်နောက်ခံ အခြေအနေတို့ကို "မြန်မာနိုင်ငံ သတင်းစာအညွှန်း" ဟူသော သုတေသန စာအုပ်ဖြင့် ၁၉၉၂ခုနှစ်အတွက် အမျိုးသားစာပေဆု(သုတပဒေသာ-ဝိဇ္ဇာဆု)ကို ဆွတ်ခူးခဲ့သည်။

ဆရာဦးထင်ကြီးသည် မြန်မာနိုင်ငံ စာရေးဆရာ၊ သတင်းစာဆရာများကို စည်းရုံးဖွဲ့စည်းသော စာပေလုပ်သားအဖွဲ့လုပ်ငန်းမှစ၍ ၁၉၆၆ ခုနှစ်ကတည်းက ပါဝင်ဆောင်ရွက်ခဲ့ပြီး အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီနှင့် မြန်မာ့စွယ်စုံကျမ်း စီစဉ်ရေးအဖွဲ့တို့တွင်လည်း အဓိကကျသော တာဝန်များကို ထမ်းရွက်ခဲ့သည်။

စာပေသုတေသန

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေဆိုင်ရာ စုဆောင်းမှု၊ ဖွဲ့စည်းဆောင်ရွက်မှုနှင့် စာပေထုတ်ဝေရေးနှင့်ဆိုင်သော လုပ်ငန်းအသီးသီးတို့တွင် အသက်ထက်ဆုံး ပါဝင်ဆောင်ရွက်ခဲ့သူ ဆရာဦးထင်ကြီးအား ဂုဏ်ပြုသောအားဖြင့် ဆရာ၏ကျန်ရစ်သော မှတ်တမ်းဖိုင်များ၊ စာအုပ်များထဲမှ အချို့ကို မိသားစုနှင့် ညှိနှိုင်းပြီး ဆက်ခံရယူလျက် "ဦးထင်ကြီး စာပေသုတေသနဌာနစိတ်"ဟူ၍ စာပေအတ္ထုပ္ပတ္တိနှင့် မြန်မာနှင့် နိုင်ငံတကာမှ ထုတ်ဝေရေးဆိုင်ရာ ဗဟုသုတများကို စုဆောင်းထားရှိလျက် အဖွဲ့ဝင်များ ရည်ညွှန်းကိုးကားရန်၊ တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိသည်။ (သတင်းစဉ်)

မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(စီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အထက(၆) ဗိုလ်တထောင်မှ မောင်တိုးဝေယံ၊ ဒုတိယဆုကို အထက(၁)ဒဂုံမှ မောင်ဟိန်းထက်ကျော်၊ တတိယဆုကို အထက(၂) ရန်ကင်းမှ မပန်းပွင့်အောင်၊ နှစ်သိမ့်ဆုကို အထက(၃)မင်္ဂလာတောင်ညွန့်မှ မစုမွန်မွန်ဦးတို့က ရရှိကြသည်။

လက်ဆောင်ပစ္စည်း

ဆုရရှိသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသား မိဘများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ (သတင်းစဉ်)

မိုးရာသီရေများချိန် ရေယာဉ်များလိုက်နာရန် အထူးရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၀

ယခု မိုးရာသီတွင် မြစ်ဖျားပိုင်း မိုးရွာသွန်းမှုများပြားပြီး တောင်ကျချောင်းကျ ရေများကြောင့် ကုလားတန်၊ ချင်းတွင်း၊ ဧရာဝတီနှင့် သံလွင်မြစ်များတွင် မြစ်ရေစီးနှုန်း မြင့်မားနေ၍ မြစ်တွင်းသွား ရေယာဉ်များအနေဖြင့် အန္တရာယ်မဖြစ်စေရန် အထူးဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲတွန်းရေယာဉ်များသည် မိမိသယ်ဆောင်ဝန်အားနှင့် မိမိစက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။ဝန်နှင့်အားမမျှတသည့် မနိုင်ဝန်သယ်ဆောင် ခုတ်မောင်းခြင်းမျိုး လုံးဝရှောင်ကြဉ်ရန် လိုအပ်သည်။

ထိန်းသိမ်းမောင်းနှင်

မြစ်ကူးတံတားကြီးများ ဖြတ်သန်းခုတ်မောင်းကြရာတွင် တွဲရေယာဉ် နှစ်စင်းတွဲမောင်းနှင်ခြင်းမပြုဘဲ တစ်စင်းချင်း တစ်တွဲချင်း ချိတ်ဆွဲ ဂရုတစိုက် ထိန်းသိမ်းမောင်းနှင်ကြရမည်ဖြစ်သည်။

မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းရန်နှင့် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန် ရယူပြီး မိမိရေယာဉ်၏ စက်နှင့်တက်မထိန်းစနစ်အား ကြိုတင်စစ်ဆေးလျက် အထူးဂရုပြု ထိန်းသိမ်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက် ထပ်မံထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲနှင့်စပ်လျဉ်း၍ နှိုးဆော်

ရန်ကုန် ဇူလိုင် ၂၀

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ယခုနှစ် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့်ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာအထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင်ဝတ္ထုတို သည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ "ဖွံ့ဖြိုးဝေစည် မြန်မာပြည်" ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အထွေထွေအတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်းလုံး ပညာသင်ကြားမှုအခွင့်အလမ်း မြင့်မားလာ အခြေခံပညာကျောင်းများတိုးချဲ့ဖွင့်လှစ်ခဲ့ရာ ကျောင်းပေါင်း ၄၀၅၀၅ကျောင်း ရှိပြီဖြစ် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အမက ကျောင်းဆောင်သစ်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr. Yuji Miyamoto၊ အလှူရှင်ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Toshiaki ENDO နှင့် အလှူရှင် အောက်လွှတ်တော်အမတ်များ၊ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဥက္ကဋ္ဌများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အလှူရှင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Toshiaki ENDO တို့က လက်ယက်စမ်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ယက်စမ်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ကြေးပြားမော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အလှူရှင်များက ကြေးပြားမော်ကွန်းကမ္ပည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်ခန်းမ၌ အခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Toshiaki ENDO က အလှူရှင် ဂျပန်နိုင်ငံမှ အောက်လွှတ်တော်အမတ်များကိုယ်စား ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Toshiaki ENDO က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက လက်ခံရယူသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက အလှူရှင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်ခုနစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားရာတွင်ယခုကဲ့သို့ ဂျပန်အလှူရှင်ခုနစ်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် ပညာရေးဝန်ကြီးဌာန ကိုယ်စားသော်လည်းကောင်း၊ လက်ယက်စမ်းကျေးရွာ ကျောင်းသားမိဘများ၊ဆရာ၊ဆရာမများ၊ ကျောင်းသားကျောင်းသူများ ကိုယ်စားသော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခြင်းသည် ဂျပန်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်စွာ တည်တံ့စေရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင်ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပညာရည်မြင့်မားသည့် ကျောင်းသားကျောင်းသူများ မွေးထုတ်ပေးနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် အချိန်သည် မြန်မာနိုင်ငံ၌ ပညာရေးမြှင့်တင်မှု အစီအစဉ်များ ဆောင်ရွက်နေသည့်ကာလနှင့် တိုက်ဆိုင်နေကြောင်း၊ ယခုအခါတွင် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ၄၀၅၀၅ကျောင်း ရှိပြီဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ၁၅၆ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတစ်ဝန်းလုံး ပညာသင်ကြားမှုအခွင့်အလမ်း မြင့်မားလာကြောင်း၊ ကျောင်းနေအရွယ်ကလေးကျောင်းနေနှုန်း ယခင်နှစ်က၉၅ ရာခိုင်နှုန်းကျော်ကြောင်း၊ အလားတူပင် တက္ကသိုလ်ပညာသင်ကြားမှု အခွင့်အလမ်းလည်း မြင့်မားတိုးတက်နေကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်ခုနစ်ဦးအား ကျောင်းဆောင်သစ်ပုံတူ ရွှေချည်ထိုးပန်းချီကားနှင့် ကျောင်းဆောင်သစ် ဓာတ်ပုံများကို တစ်ဦးချင်းပေးအပ်သည်။

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ်များက ကျောင်းသား ကျောင်းသူကလေးများအတွက် ခဲတံ၊ ခဲဖျက်၊ ဗလာစာအုပ်နှင့် မိုးကာအင်္ကျီများ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် A.C.E ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ဆန်းက ကျောင်းသားကျောင်းသူ ကလေးများအတွက် ဗလာစာအုပ်ဒါဇင် ၃၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစံမောင်က လက်ခံရယူသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊အလှူရှင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်များနှင့် မိသားစုများ၊ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများသည် ကျောင်းဆောင်သစ်ရှေ့တွင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

တစ်ထပ်ကျောင်းဆောင်

ယနေ့ဖွင့်လှစ်သည့် ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်သည် အလျား ၂၅၄ ပေ၊ အနံ ပေ၃၀ရှိသည့် သံကူကွန်ကရစ်တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ်များက ဒေါ်လာ ၆၀၀၀၀ အကုန်အကျခံကာ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

(၁၀၈)တောင်စေတီ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၀

သာကေတ မြို့နယ်လုံးဆိုင်ရာ (၁၀၈) တောင်၊ မဟာဗောဓိစွယ်တော်ရှင်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၉)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၈ပါးတို့အား ဇူလိုင်၃၁ရက် (ဝါဆိုလပြည့်) မွန်းတည့် ၁၂ နာရီတွင် ပုပ္ပါရုံ တန်ဆောင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ စေတနာရှင်များ ဂေါပကအဖွဲ့ရုံး ဖုန်း–၅၄၇၁၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က–ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အလှူရှင်ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr.Toshiaki ENDOတို့ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(ရ–က–တ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၀

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၆၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အရှင်ဓမ္မရက္ခိတ၊ မြင်းမူမောင်နိုင်မိုး၊ ဝင်းဝေနောင်၊ ရန်နိုင်ဦး၊ တင်လင်းဇော်၊ မောင်မြတ်မွန်(ဆူးလေ)၊ တိုးကိုကိုဝင်း၊ ကြည်ထွန်း(ကျောက်ပန်းတောင်း)၊ ကိုစိုင်းထက်မြက်သိမ်း၊ မောင်နီမြင့်(ပင်လယ်)၊ ညောင်ရွှေခင်မောင်မြ၊ မဟူရာစောလွင်(ပခုက္ကူ) တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာလှဖေ၊ သန်းဝင်းရှိန်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ တက္ကသိုလ်သန်း၊ မောင်မောင်လတ်၊ တက္ကသိုလ်စိုးယဉ်၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မိုးထက်မောင်မောင်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မွှေးငယ်ငယ်၊ ခိုင်ယဉ်မွန်(ဝိဇ္ဇာ–သိပ္ပံ)၊ ခင်ဇေ(စက်မှု)၊ သာရဝေါစိုးကြည်တို့၏ ဆောင်းပါးများ၊ ညိုလွမ်းအောင်၊ ကြူကြူသင်း၊ မောင်ဆန္ဒ (လယ်ဝေး)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ သန်လျင်မောင်မောင်ဦး၊ မှတ်ကျောက်၊ ခင်ယုသွေး၊ ရွှေဘိုဘာမထီခင်အောင်၊ ပုသိမ်ရန်နောင်စိုးတို့၏ ဝတ္ထုတို၊ဝတ္ထုရှည်များအပြင် ဟာသ၊ပြဇာတ်၊ ဗုဒ္ဓစာဥယျာဉ်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ပုံပြင်၊ ဟာသ ကဏ္ဍ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊မကွေး၊ ကလော၊တောင်ကြီး၊ ဟဲဟိုး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊လားရှိုး၊ ရွှေဘို၊မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊တန့်ယန်း၊ မူဆယ်မြို့နယ်စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၆။ အရေးပြိုင်ပွဲ
- ၈း၂၀ ၇။ ဆပ်သွားတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ)(ရုက္ခဗေဒ)
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၄၅ ၈။ မြန်မာစာမြန်မာစကား
- ၆း၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၆း၁၀ ၁၀။ Discovery
- ၆း၂၀ ၁၁။ တေးဂီတအစီအစဉ်
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇း၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၇း၃၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **“ပန်းမချစ်သောပန်းချစ်သူ” (ခန့်စည်သူ၊ ဆုပန်ထွာ၊ နိုရာအန်း) (ဒါရိုက်တာ–မောင်နန္ဒ)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။အစီအစဉ်ပြီး၏။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားသို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ကော်မတီဝင်ဌာနမှူးများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက် ၈နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဒေါ်တင်တင်က စမ်းချောင်းမြို့နယ်အတွင်း နှစ်အလိုက်၊ လအလိုက် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်က ရန်ကုန်တိုင်းအတွင်းသွေးလွန်တုပ်ကွေး ရောဂါဖြစ်ခဲ့မှု အခြေအနေနှင့် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် ရှင်းလင်းပွဲ အခမ်းအနားများကျင်းပခြင်း၊ အခြေခံပညာကျောင်းများတွင်ခြင်၊ လောက်လမ်းကင်းသော ကျောင်းများဖြစ်လာအောင် ဆောင်ရွက်ခြင်း၊ ရပ်ကွက်များအတွင်း ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများကို မိသားစုဝင်များက ဆောင်ရွက်ပြီး ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များက လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ နေ့ကလေးထိန်းကျောင်းတွင် ကလေးများ နေ့ခင်းအိပ်သည့်အခါ ခြင်ထောင်ဖြင့် အိပ်သည့်အလေ့အကျင့်ကို ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများက သိရှိပြီး လိုက်နာကျင့်သုံးစေခြင်း၊ မူလတန်းကြိုကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် ခန်းဆီးများ ဆေးစိမ်ပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ မြင့်မိုရ်လမ်းနှင့် နန္ဒဝန်လမ်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းဘေးရေနုတ်မြောင်းများ၌ ပိုးသတ်ဆေးဖျန်းနေမှု၊ နေအိမ်တိုက်ခန်းများအတွင်း ဆေးမှုတ်နေမှု၊ ရေနုတ်မြောင်းများ ဆယ်ယူနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ဇူလိုင်၂၀ရက်က စမ်းချောင်းမြို့နယ် မင်းလမ်း၊ မြင့်မိုရ်လမ်းနှင့် နန္ဒဝန်လမ်းတို့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၉)

အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် MIKKO COFFEE MIX တို့ကကြီးမှူး၍ ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ပွဲဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသား အငယ်တန်းပြိုင်ပွဲတွင် အထက(၃) ဗဟန်းအသင်းက ဗဟိုလူငယ်အသင်းကို ၃၃ မှတ်၊ ၂၀ မှတ်ဖြင့်နိုင်သည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် စက်မှု(၁)(က)အသင်းက ပြည်ထဲရေးအသင်းကို ၃၇ မှတ်၊ ၃၄ မှတ်ဖြင့်နိုင်သည်။

အမျိုးသား အကြီးတန်းပြိုင်ပွဲတွင် ဂါဂါ(က)အသင်းက စက်မှု(၁)(ခ) အသင်းကို ၈၇ မှတ်၊ ၃၉ မှတ်ဖြင့် နိုင်ပြီး တပ်မတော်(ရေ) အသင်းက KKS အသင်းကို ၈၁ မှတ်၊ ၄၆ မှတ်ဖြင့်နိုင်သည်။

ယနေ့ပြိုင်ပွဲများ

(အမျိုးသားအကြီးတန်းကွာတားဖိုင်နယ်)

ဂါဂါ(က)နှင့် တပ်မတော်(ရေ)
ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရှဲဒိုး
စက်မှု(၁)(က)နှင့်
လယ်ယာ/ဆည်မြောင်း
ဂါဂါ(ခ)နှင့်
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

(အမျိုးသမီးပတ်လည်ပွဲ)

ပြည်ထဲရေးနှင့်
လယ်ယာ/ဆည်မြောင်း။

(ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၀

ဦးမျိုးသိန်းဦးသည် ကစားဖော်များဖြစ်ကြသော ဦးကျော်ညွန့်(သစ်ခွ)၊ ဦးအေးမောင်(အကောက်ခွန်-ငြိမ်း)၊ ဗိုလ်ကြီးသောင်းရွှေ(ငြိမ်း)တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ KASCO Rocket (44) ဘောလုံးကို MIZUNO Iron(7)သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၆ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၁၇)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၀-၇-၂၀၀၄)

ရေး	–	၁၁ ဒသမ ၁၄ လက်မ
မောင်တော	–	၅ ဒသမ ၆၇ လက်မ
ခန္တီး	–	၃ ဒသမ ၉၈ လက်မ
ကျောက်တော်	–	၃ ဒသမ ၆၆ လက်မ
ထားဝယ်	–	၂ ဒသမ ၇၆ လက်မ

ရန်ကုန်မိုးရေချိန်

(၂၀-၇-၂၀၀၄)

ရန်ကုန်မြို့လယ်	–	၀ ဒသမ ၅၅ လက်မ
မင်္ဂလာဒုံ	–	၀ ဒသမ ၃၅ လက်မ
ကမ္ဘာအေး	–	၀ ဒသမ ၃၁ လက်မ

ပဋ္ဌမအကြိမ် အမျိုးသားအဆင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားကို လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ရက်က ကျင်းပရာ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ဉာဏ်ဇော် ငှက်ဖျားရောဂါအကြောင်းနှင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားစဉ်။ (က-ပ)

ချင်းတွင်းမြစ်ရေ အနည်းငယ်ကျဆင်း ဧရာဝတီမြစ်ရေ ဆက်လက်တက်နေ

ရန်ကုန် ဇူလိုင် ၂၀

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ယင်းတို့၏ စိုးရိမ်ရေမှတ်များအထက်တွင် သုံးပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းလျက်ရှိသော်လည်း ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာ

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် သိသိသာသာပြောင်းလဲမှုမရှိဘဲ ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မန္တလေးနှင့်စစ်ကိုင်း

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ယင်းတို့၏ စိုးရိမ်ရေမှတ်များအထက် ပေဝက်ခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းလျက်ရှိသော်လည်း ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်သည်။ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့် ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ဆရာခင်မောင်ညို(ဘောဂဗေဒ)၏ "တိုးတက်အောင်မြင်နေသော ကုမ္ပဏီတစ်ခု စီမံခန့်ခွဲမှု" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို လှိုင်တက္ကသိုလ်နယ်မြေ MICT Parkရှိ အခန်းအမှတ် (၂၀၅) တွင် ဇူလိုင် ၂၄ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ ထို့အပြင် အရောင်းဝန်ထမ်းများ၊ အရောင်းမန်နေဂျာများအတွက် Effective Selling Skill လက်တွေ့သင်တန်းကို အရောင်းနယ်ပယ်တွင် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာများက သင်ကြားပို့ချမည် ဖြစ်သည်။

e-Trade Myanmar ကုမ္ပဏီက စီစဉ်ကျင်းပသော အဆိုပါ ဟောပြောပွဲကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်းနှင့် ကြိုတင်စာရင်းပေးသွင်းလိုသူများသည် ဖုန်း-၆၅၂၂၈၃သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။ (က-ပ)



ပါရီမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ပြင်သစ်ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိ ဦးစီး၍ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒမြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ သဒ္ဓါကြည်ညို ပါဝင်လှူဒါန်းလိုသူများ အနေဖြင့် ဒေါ်အောင်ကြည် (ဒုတိယညွှန်ကြားရေးမှူး) သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း-၆၆၅၃၆၀သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ထားသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မန္တလေးမြို့ မဟာမြိုင်(၂) ရပ်ကွက် ၆၃ x ၆၄ကြား ၄၁ x ၄၂ကြား အမှတ်(န၊၅/၃၈) နေ ဒေါ်တင့်တင့်မိသားစုတို့က ငွေပဒေသာပင်ကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ဇူလိုင် ၁၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇူလိုင် ၁၇ရက်က ပဲခူးမြို့နယ်၊ ဇီးတောကျေးရွာအုပ်စု ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။ (သစ်တောရေးရာ)

ထွန်းတောက်ကြယ်ဂျာနယ်မှ ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ အဖြေမှန်ဆု ရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၉ရက်က ပန်းဆိုးတန်းလမ်း၊ ကျော်စားသောက်ဆိုင်၌ ကျင်းပရာ ဆုရရှိသူတစ်ဦးအား ဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာ တင်ထွန်းဦး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကသစ်ကုန်းစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ကသစ်ကုန်း အရိမဒ္ဒနာရာမ ပရိယတ္တိစာသင်တိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို စုပေါင်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မြန်မာ့သစ်လုပ်ငန်း ဓမ္မာရုံ ရွှေတိဂုံရာလမ်း တောင်ဘက်မုခ် အနီးသို့ ကြွရောက်လှူဒါန်းပူဇော်နိုင်သည်။ (က-ပ)





အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(ရန်ကုန်တိုင်း)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၀

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၃ရက်မှ ၁၂ရက်အထိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယက၊ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာ ပဓာန နာယက ဘဒ္ဒန္တ ကစ္စာယန (မဟာကမ္မဋ္ဌာနာစရိယ)နှင့်ဓမ္မကထိက ဆရာ ဦးသိန်းရွှေတို့က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဇူလိုင် ၃၁ရက်နေ့နောက်ဆုံးထားပြီး ရိပ်သာဖုန်း-၅၇၂၃၉၅သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကန်တော်ကြီးဥယျာဉ် Education Zone ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ဇုန်လေးဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအချို့ ပြီးစီးနေပြီ ဖြစ်သော်လည်း လုပ်ငန်းအချို့ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်ခံ့စေရေး၊ ရှိပြီးသား သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု မရှိစေရန် မြန်မာအင်ဂျင်နီယာ ပညာရှင်များအနေဖြင့် မြန်မာ့ရေမြေ သဘာဝ ရာသီဥတုနှင့် လိုက်ဖက်မည့် Design များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပုပ္ပားတောင်ကလပ် ပုံတူမျှော်စင် တည်ဆောက်ခြင်း၊ Rock Garden တည်ဆောက်ခြင်း လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ အဆင့်မြင့် စားသောက်ဆိုင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၌ မြေယာရှုခင်း အလှများကို သဘာဝပုံသဏ္ဌာန်နှင့် အနီးစပ်ဆုံးဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Relazation Zone တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း အခြေအနေများနှင့် ပစ္စည်းများ လိုအပ်မှု အခြေအနေများကို လည်းကောင်း၊ Central Forest Zone နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု၊ Fountain Plaza တည်ဆောက်နေမှု၊ သစ်ပင်များ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ RecreationZone တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက Water Fountain တည်ဆောက်နေမှု၊ ဇုန်အတွင်းလမ်းများ နိုင်လွန်ကတ္တရာခင်းနိုင်ရေး ဆောင်ရွက်နေမှု၊ မြေယာရှုခင်းအလှများ ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်မှု လုပ်ငန်းအခြေအနေများနှင့် ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ကန်တော်ကြီးရေပြင် သန့်ရှင်းရေး၊ ရေပမာဏ ပိုမိုသိုလှောင်ထားနိုင်ရေးနှင့် ကန်တော်ကြီးရေပြင် ညစ်ညမ်းမှု မရှိစေရေး Treatment များ စနစ်တကျ ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယ ဗိုလ်မှူးကြီးရန်နိုင်က စားသောက်ဆိုင်များ အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တွဲဖက် ပါမောက္ခ ဦးစန်းကြူက အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ အရည်အသွေးထိန်းသိမ်းရေးနှင့် ပတ်သက်၍ အကြံပြုချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်း တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ရောက်ရှိနေသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အတွင်း သိန်းနီ၊ ကွမ်းလုံ၊ ဟိုပန်၊ ချင်းရွှေဟော်၊ လောက်ကိုင်မြို့နယ်များသို့ ရောက်ရှိပြီး တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ခံအရာရှိများ၊ တပ်ဖွဲ့ဝင် ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နမ့်တွန်ကျေးရွာရှိ ပြည်နယ်ရဲတပ်ဖွဲ့၏ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးဘက်စုံခြံကို ကြည့်ရှုစစ်ဆေးပြီး သိန်းနီမြို့နယ် ရဲတပ်ဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းလုံမြို့နယ်နှင့် ဟိုပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ မြို့နယ်တာဝန်ခံများ၊ ဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်သူလူထုအတွင်း ယုံကြည်အားကိုးမှု ရရှိစေရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် လိုအပ်ချက်များကို ဒေသဆိုင်ရာ အာဏာပိုင်များထံ တင်ပြ၍ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဝန်ကြီးသည် ညနေပိုင်းတွင် လောက်ကိုင်မြို့၌ တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ကိုးကန့် အထူးဒေသ(၁)က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်၍ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ ဝန်ကြီးသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မြို့နယ် တီးမားကျေးရွာရှိ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ဝန်ကြီးက အုပ်ချုပ်ရေးရုံး၊ စားရိပ်သာ၊ ဓမ္မာရုံ၊ ဆေးကုသဆောင်နှင့် သင်တန်းသား အိပ်ဆောင်များကို တစ်ပြိုင်တည်း အမြန်ပြီးစီးရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို မှာကြားပြီး ထပ်မံဆောက်လုပ်ရမည့် အဆောက်အအုံများ နေရာကို ရွေးချယ်သတ်မှတ်ပေးသည်။ ထို့နောက် တိုင်းမှူးက လိုအပ်ချက်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေပိုင်းတွင် နမ့်ခမ်းမြို့နယ်ရှိ ဆင်းရွှေလီ အထူးအထွက်တိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံတိန်၊ ဖိုင်ကျောင်း၊ နောင်လွန်းကျေးရွာရှိ စိုက်ကွင်းများကို ကြည့်ရှု၍ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ရဲစခန်းတို့ကို စစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။ ထို့နောက် မူဆယ်မြို့ ရွှေလီရတနာ ဧည့်ရိပ်သာခန်းမ၌ မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ တာဝန်ခံအရာရှိများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ ဧက ၁၀၀၀ ဆင်းရွှေလီ အထူးအထွက်တိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းသို့ ရောက်ရှိကြရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် တာဝန်ရှိသူများက ဆင်းရွှေလီစပါး (F-1) မျိုးစေ့ ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့်အောင်မြင်စွာဆောင်ရွက်နိုင်ပုံများကို ရှင်းလင်းတင်ပြကြသည်။

- ဆုငွေများချီးမြှင့် -

ထို့နောက် တိုင်းမှူးက ချီးမြှင့်သည့် ငွေကျပ်၁၀သိန်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူးကလည်းကောင်း၊ ဝန်ကြီးက တပ်ဖွဲ့ဝင် မိသားစုကောက်စိုက်အဖွဲ့အား ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းကို ခရိုင်ရဲတပ်ဖွဲ့မှူးက လည်းကောင်း လက်ခံသည်။ ဆက်လက်၍ တိုင်းမှူးက ပြည်နယ်စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မြေစာရင်း ဦးစီးဌာနများသို့ ဆုငွေများ ချီးမြှင့်သည်။ **(သတင်းစဉ်)**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်တို့ ဇူလိုင် ၁၅ ရက်က ကွတ်ခိုင်မြို့နယ် တီးမားကျေးရွာရှိ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်ထဲရေး)

မဂ္ဂင်ကျောင်းတိုက် ဝါဆိုသင်္ကန်း ကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင် မဟာသမယဂူ၊ နှစ်ပါးဂူ၊ အမဲစမ်းတောရတို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ နန္ဒိယအား အမှူးထား၍ ကျောင်းရှိသံဃာတော်နှင့် ပင့်သံဃာတော်အပါး ၅၀ တို့အား ဇူလိုင် ၃၁ တွင် နေ့ဆွမ်းဆက်ကပ်ကာ ဝါဆိုသင်္ကန်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်နှင့် ရေစက်ချတရားတော် ဟောကြားမည်ဖြစ်သည်။ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နေ့စဉ်သုံးကြိမ် ဆရာတော်က တရားရေအေး တိုက်ကျွေးမည်ဖြစ်သည်။ **(က-ပ)**

ဝက်လက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်

ဝက်လက် ဇွန် ၂၉

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ၂၀၀၄ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားကို ဇွန် ၂၆ရက်နံနက် (၁၀)နာရီက ဝက်လက်–ရှိမ္မကားလမ်းဘေးဝဲ/ယာတွင်ကျင်းပသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်၊ အတွင်းရေးမှူး ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးဦးမျိုးမြင့်၊အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းမင်းညွန့်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ တက်ရောက်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတော်ကို လမ်းဘေးဝဲ/ယာများတွင် သစ်ပင် ပေါင်း ၈၄၀၀ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ယာပုံ) (၂၃၀)

ဒိုက်ဦးမြို့နယ်၌ အမျိုးသမီးများနေ့ ကျင်းပ

ဒိုက်ဦး ဇူလိုင် ၁၅

ဒိုက်ဦးမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဇူလိုင်၃ရက်နံနက်တွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် နယ်မြေခံတပ်ရင်းမှူး၏ဇနီး ဒေါ်အေးလွင်မာထွန်းတို့ ဦးဆောင်၍ လူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ ပူးပေါင်းကာ ကတုတ်ရွာမ၊ ကတုတ်ဘုရားကြီး၊ ပျဉ်းမလွင်၊ ဘောနီကျေးရွာအုပ်စုတို့မှ အင်အား ၁၀၀၀ ကျော်တို့က ပန်းအလှပင်နှင့် အရိပ်ရပင် ပေါင်း ၁၁၀၀၀ ကျော်ကို စိုက်ပျိုးကြသည်။ **(၁၃၀)**

စက်ဖြင့်ရိတ်သိမ်းခြင်းသရုပ်ပြ တောင်သူများကြိုက်နှစ်သက်

မြစ်ငယ် ဇူလိုင် ၁၆

မန္တလေးခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသိန်းအောင်သည် ဇူလိုင် ၅ရက်နံနက် ၇နာရီက အမရပူရမြို့နယ် အရှေ့ခြမ်း ဆောက်တောဝကျေးရွာ အုပ်စုကွင်း အမှတ်(၅၈၀)ဦးပိုင်အမှတ်(၃၄/ခ)ရှိ တောင်သူဒေါ်အေးရင်ပိုင်လယ်မြေတွင် စိုက်ပျိုးထားသောမျိုးသန့်နှံစပါးအား စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သောကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းခြင်း၊ စက်ဖြင့်ခြွေလှေ့ခြင်းများ သရုပ်ပြသမှုကို လာရောက်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ခရိုင်ဦးစီးမှူး ဦးသိန်းအောင်အားမြို့နယ်ဦးစီးမှူးဦးတိုးသီလက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ၎င်းရိတ်သိမ်း ခြွေလှေ့စက်သည် အချိန်တိုတိုအတွင်း ခရီးရောက်သဖြင့် ငွေကုန်လူပန်းသက်သာသောကြောင့်လာရောက်ကြည့်ရှုကြသော တောင်သူများ ကြိုက်နှစ်သက်ကြကြောင်းသိရသည်။

(၄၃၃)

“ယာဉ်မောင်းတကယ်တတ်လိုလျှင်ရွှေမြင်သာနှင့်သင်”

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးသည့်

***ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ်၂၀/၂၀၀၄ကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖွင့်လှစ်ပါမည်။**

* စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
* ရွာသာကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
* သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်းမြင်သာရုံးမှတစ်ဆင့်ကြို/ပို့ယာဉ်များစီစဉ်ပေးမည်။
* နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
* သင်တန်းတက်ရောက်လိုသူများ ၂–၈–၂၀၀၄ ရက် နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။
* သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အချိန်မီလျှောက်ထားရန်နှင့် လူပြည့်ပါက နောက်သင်တန်းအတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇။

ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့် ပဒေသာပင်စိုက်ထူပွဲအတွက်

အစည်းအဝေးဖိတ်ကြားခြင်း

ဒဿနိကဗေဒအဓိကဖြင့်ဘွဲ့ရသော ကျောင်းသူ၊ကျောင်းသားဟောင်းများ (နေ့ ကျောင်းသူ/သားများ၊ ယခင်စာပေးစာယူ ယခုအဝေးသင်တက္ကသိုလ်ကျောင်းသူ/သားများ၊ လုပ်သားကောလိပ်/ညနေပိုင်း သင်တန်းကျောင်းသူ/သားများ)အားလုံး ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့် ပဒေသာပင်စိုက်ထူပွဲအတွက် ညှိနှိုင်းဆွေးနွေးရန် ၇–၈–၂၀၀၄ ရက် စနေနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန စာကြည့်တိုက်ခန်းမသို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့်
ပဒေသာပင်စိုက်ထူပွဲ ဖြစ်မြောက်ရေးကော်မတီ။

MIN KYAW MIN'S

SPOKEN ENGLISH CLASS

သင်တန်းကို ၂–၈–၂၀၀၄ ရက်တွင်စမည်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ 9.00 am to 11.30

Multi-media style audio-visual aid

THE NEW LIGHT OF MYANMAR သတင်းစာတိုက်

CONGRATULATIONS!

TO

U AIK HTUN(CHAIRMAN, OLYMPIC CO.,LTD & VICE CHAIRMAN, ASIA WEALTH BANK LTD)

ON YOUR GENEROUS DONATION OF

25-BED GENERAL HOSPITAL, STATE HIGH SCHOOL NO(1) &

STATE PRIMARY SCHOOLS NO(1) & (6)

AT YOUR NATIVE TOWNSHIP OF

MONGKAI, LOILIN DISTRICT, SOUTHERN SHAN STATE &

ON YOUR PHILANTHROPIC SPIRIT TO DEVELOP

YOUR NATIVE REGION!

AUNG YADANA MEDICAL CENTRE
YANGON

ကြိုဆိုဂုဏ်ပြုခြင်း

သမဝါယမဘဏ်လီမိတက် C B BANK သည် အများနှင့် သက်ဆိုင်သောဘဏ် (Public Bank) အဖြစ်
(၁၅-၆-၂၀၀၄) ရက်နေ့မှအစပြု၍ နိုင်မာစွာ ရပ်တည်လျက် အများပြည်သူအတွက်ငွေကြေးဝန်ဆောင်မှုကို
အပြည့်အဝ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ပိုမိုတိုးတက်အောင်မြင်ပါစေဟု
ဆုမွန်ကောင်းဖြင့် လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း ...

ဦးဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(U M F C C I)

Internal Remittance

Customer များအတွက် ငွေကြေးဝန်ဆောင်မှုကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးအတွက်
သမဝါယမဘဏ်လီမိတက် C B BANK (Public Bank) ၏ ဘဏ်ခွဲ (၁၃) ခု နှင့်
ကမ္ဘောဇဘဏ်လီမိတက် KBZ BANK ၏ ဘဏ်ခွဲ (၂၃) ခုတို့တွင် **ပြည်တွင်းငွေလွှဲလုပ်ငန်း** ကို
(၂၁-၇-၂၀၀၄) ရက်နေ့မှ စတင်၍ အမြန်အလုန် ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း -

KBZ BANK ၏ ဘဏ်ခွဲများ

- ရုံးချုပ်ဘဏ် Tel : 01-538075, 538076, 538078, 538079, 538080
- တောင်ကြီးဘဏ်ခွဲ Tel : 081-22410, 24335, 24336
- မင်္ဂလာဈေးဘဏ်ခွဲ Tel : 01-202867, 208054
- မန္တလေး (၁) ဘဏ်ခွဲ Tel : 02-25683, 34077
- လမ်းမတော်ဘဏ်ခွဲ Tel : 01-212763, 212764, 212765
- တာချီလိတ်ဘဏ်ခွဲ Tel : 084-51801, 51805
- ဘုရင့်နောင်ဘဏ်ခွဲ Tel : 01-682298, 682299, 682300
- ရွှေဂုံတိုင်ဘဏ်ခွဲ Tel : 01-558251, 558252, 558253, 558254
- လားရှိုးဘဏ်ခွဲ Tel : 082-23924
- မူဆယ်ဘဏ်ခွဲ Tel : 082-52113, 52114
- ပခုက္ကူဘဏ်ခွဲ Tel : 062-21981, 21982
- ကော့သောင်းဘဏ်ခွဲ Tel :
- မြိတ်ဘဏ်ခွဲ Tel : 059-41405
- တအကန့်ဘဏ်ခွဲ Tel : 02-69112
- ပုဇွန်တောင်ဘဏ်ခွဲ Tel : 01-299774, 299794
- မောင်တောဘဏ်ခွဲ Tel : 043-23277, 23771, 23772, 23773, 23805
- မန္တလေး (၂) ဘဏ်ခွဲ Tel : 02-30019, 30020
- ဟင်္သာတဘဏ်ခွဲ Tel : 044-21728, 21905
- စစ်တွေဘဏ်ခွဲ Tel : 043-23910, 23911
- မြစ်ကြီးနားဘဏ်ခွဲ Tel : 074-23954, 23955
- ဝိုင်းမော်ဘဏ်ခွဲ Tel : 074-50079, 50080, 50090, 50100
- ကမာရွတ်ဘဏ်ခွဲ Tel : 01-538072, 538073
- မော်လမြိုင်ဘဏ်ခွဲ Tel : 057-24943, 24945

C B BANK ၏ ဘဏ်ခွဲများ

- ရုံးချုပ်ဘဏ် Tel : 01-371848, 372641, 372646, 372655
- မဟာဗန္ဓုလပန်းခြံလမ်းဘဏ်ခွဲ Tel : 01-245307, 281634, 371924
- ဆိပ်ကမ်းသာလမ်းဘဏ်ခွဲ Tel : 01-240321, 243849, 243850
- လမ်းမတော်ဘဏ်ခွဲ Tel : 01-222982, 222983, 224061, 228853
- စော်ဘွားကြီးကုန်းဘဏ်ခွဲ Tel : 01-643164, 720837
- တောင်ဥက္ကလာပဘဏ်ခွဲ Tel : 01- 571364
- အောင်ပန်းဘဏ်ခွဲ Tel : 081-60107, 60485
- မန္တလေးဘဏ်ခွဲ (၁) Tel : 02-28274, 38174
- မန္တလေးဘဏ်ခွဲ (၂) Tel : 02-39304
- မန္တလေးဘဏ်ခွဲ (၃) Tel : 02-34639, 35920, 39106
- ပျဉ်းမနားဘဏ်ခွဲ Tel : 067-22202, 22484
- တောင်ငူဘဏ်ခွဲ Tel : 054-21914, 21915
- ညောင်လေးပင်ဘဏ်ခွဲ Tel : 052-40249, 50361

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

(ရန်ကုန်အဝေးသင်တက္ကသိုလ်)

Diploma in IT သင်တန်းတက်ရောက်ခွင့်ရရှိခြင်း

CHRD (UDEY)

ထားဝယ်မြို့နယ်တွင် မြေကွက်ရရှိထားသူများ သိရှိစေရန် ကြေညာချက်

၁။ ထားဝယ်မြို့၊ မြို့တိုးချဲ့ရေးအတွက် မြောင်းပုလဲရပ်ကွက်၊ ဆိပ်ကမ်းသာလမ်းနှင့် မြို့သစ်(ဆန်းချီရပ်၊ ဝဲကျွန်းထိန်သစ်ရပ်၊ ဆင်ဆိပ်ရပ်)များကို ထားဝယ်ခရိုင်မြို့တိုးချဲ့ရေးလုပ်ငန်းအဖွဲ့မှ မြေယာကွက်သစ်များ ဖော်ထုတ်၍ မြေနေရာများချထားပေးခဲ့ပါသည်။ မြေကွက်ရရှိသူများအနက် အချို့မှာ မြေဂရန်ထုတ်ယူပြီး အချို့မှာ မြေဂရန်ထုတ်ယူမှုမရှိသေးခြင်း၊ အချို့မှာကျသင့်မြေခွန်ထမ်းဆောင်သော်လည်း အချို့မှာထမ်းဆောင်မှုမရှိခြင်း၊ အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်သော်လည်း၊ အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးခြင်းများရှိနေကြောင်း စိစစ်သိရှိရပါသည်။ မြို့များတိုးချဲ့စဉ်က စည်ကားသိုက်မြိုက်လာစေရန်ရည်ရွယ်၍ တည်ထောင်ထားခြင်းဖြစ်သော်လည်း အထက်ဖော်ပြပါအချက်များကြောင့် စည်ကားသိုက်မြိုက်မှု နှောင့်နှေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ မြေကွက်ရရှိသူများအနေဖြင့် ယခုသတင်းစာပါသည့်နေ့ရက်မှ ရက်ပေါင်း(၃၀)အတွင်း မြို့တိုးချဲ့ရေးလုပ်ငန်းအဖွဲ့၊ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဆက်သွယ်၍နေအိမ်ဆောက်လုပ်မည့် အခြေအနေကို အသိပေးရန်ဖြစ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း မဆက်သွယ်ပါက ယင်းမြေကွက်များအား စာရင်းမှပယ်ဖျက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့တိုးချဲ့ရေးလုပ်ငန်းအဖွဲ့
ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထားဝယ်မြို့။

FAME **Diarstat**®

ဝမ်းလျှောဝမ်းပျက်ကုဆေး

၁။ မြဟသ္မာလူနတ်ပူဇော်အပ်၏ (တရားတော် VCD)

၂။ အသင်းကျေမှုအသင်းချေ (တရားတော် VCD)

MAA — LCCI

LCCI Level I, II, III

25-July-2004 စတင်မည်

(10% Discount)

DI သီကြီးမဲကြီး ရှာတော့မည့် **Discount** မိုး

ရာသီတိုင်းမှာ **DI** ရှိနေတယ်ဆိုတာကိုလည်း အမြဲအမှတ်ရစေဖို့ **DI** က အမှတ်တရတွေ အများကြီး ဖြစ်စေမည့် **July Discount** မိုးကြီးကို **17-7-2004** မှ **8-8-2004** ထိရွာသွန်းဖြိုးလိုက်ပါပြီ။

- ကလေးများ မိုးရာသီ ဖြင့်မကိုက်စေဖို့ အောင်ဘီရှည်များ ။
- ကလေး ဝတ်စုံများနှင့် ခေါင်းစွပ်ပါ အနွေးထည်များ ။
- အထက်တန်း/အလယ်တန်းကျောင်းသူ/ကျောင်းသားများအတွက် ခေါင်းစွပ်ပါ **Cotton** ဓာတ်ပါ **Jacket** များ ။
- ကျားကျင်းအောင်ဘီ (တို/ရှည်) များ ။

Discount ...

Discount လာရောက်ရမည့်နေရာ - အမှတ် ၁၅၈ (DI ပင်ရင်းဆိုင်၏ ခေါင်းရင်းဘက်ကပ်လျက်) စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။ Ph : 526826, 510913 (ပိတ်ရက်မရှိပါ။)

DI Ready Made (Export Quality)

နိုင်ငံခြားငွေဖြင့် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
၁။	Electrical Equip: For Tile Plant	Lot	၁၇-၈-၂၀၀၄
၂။	Cable Wire And Accessories	10 Items	၁၇-၈-၂၀၀၄
၃။	Ore Car (15 Tons)	5 Units	၂၄-၈-၂၀၀၄
၄။	Girth Gear & Accessories	2 Items	၂၄-၈-၂၀၀၄
၅။	Unit Cooler	1Unit	၂၄-၈-၂၀၀၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန အမှတ်(၁၈၂) ကမ္ဘာအေးစေတီလမ်း ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

(အသေးစိတ်သိရှိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၅၆၆၂၈၅၊ ၅၆၆၂၈၂)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးဝင်းဖေ(၇၃)နှစ်

(နာယက)

ညွှန်ကြားရေးမှူး(အငြိမ်းစား)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၆/ခ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်နေ ဒေါ်အေးအေး၏ ခင်ပွန်း ဦးဝင်းဖေရာသက်ပန်အသင်းဝင် အမှတ်(၂၂)သည် ၁၈-၇-၂၀၀၄နေ့ ကွယ်လွန်၍ ၂၀-၇-၂၀၀၄နေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘထိုင်(၇၂)နှစ်

(ထားဝယ်)

(သန်းသန်းဟင်းမွှေးမဆလာ၊ သရက်သီးသနပ်)

ထားဝယ်မြို့နယ်(ဦးအောင်ဝိုင်ဆင်-ဒေါ်ရှင်မေ)၏သား၊ မြိတ်မြို့နေ(ဦးသင်းအောင်-ဒေါ်ထုပ်)တို့၏သားသမက်၊ ရန်ကုန်မြို့ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်၃၅၁နေ(ဒေါ်စောနု)၏ခင်ပွန်း၊ ထားဝယ်မြို့နေ ဦးဘဖိုင်-ဒေါ်ကင်ရီ၊ (ဦးအစ်)၊ ဒေါ်ကင်ဆွေ၊ ဦးမြတ်သိန်း၊ ဒေါ်ကင်ကြည်တို့၏ညီမောင်၊ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)- ဒေါ်လုစိန်၊ ဦးမောင်ချို-ဒေါ်စိန်ဝင်း၊ ဦးဘော်စိန်-ဒေါ်ဥ၊ ဦးကံစိန်-ဒေါ်လုပို၊ ဦးဟိုစိန်-ဒေါ်အုန်းမြင့်၊ ဦးလှမြင့်-ဒေါ်ညွန့်စိန်တို့၏အစ်ကို ဦးဘထိုင်သည် ၁၈-၇-၂၀၀၄ ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှတ်၃၅၁၊ မဟာဗန္ဓုလလမ်း၊ ၃၉လမ်းထိပ်၊ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

အမည်ပြောင်းခြင်း

အဘ ဦးမြမောင်၏သား ရခိုင်ပြည်နယ် စစ်တွေမြို့ အထက(၂) နဝမတန်း(D)မှ မောင်မျိုးနိုင်ဦး(ခ) မောင်မျိုးနွယ်ဦးအား ယနေ့မှစ၍ မောင်နိုင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်နိုင်ဝင်း။

ဒေါ်အုံးမြ(မမကြီး) အသက်(၈၈)နှစ်

(ညောင်လေးပင်မြို့)

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့၊ ပုဇွန်မြောင်းကျေးရွာနေ (ဦးရေချမ်း-ဒေါ်စိန်တင်)တို့၏သမီးကြီး၊ ညောင်လေးပင်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၉)နေ (ဒေါ်အုံးလှ)၊ (ဒေါ်လှကြည်)၊ (ဒေါ်ထွေးရီ)၊ ဦးမြင့်ကြည်- ဒေါ်စန်းစန်းရီ၊ ပဲခူးမြို့၊ တပင်ရွှေထီးလမ်း၊ ဥက္ကလာမြို့သစ်နေ ဦးပေါ်သန်း - ဒေါ်သောင်းတင်တို့၏ အစ်မကြီး၊ တူ၊ တူမ (၁၂)ယောက်တို့၏ ကြီးဒေါ်သည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ ရက်တွင် ညောင်လေးပင်မြို့ အရှေ့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘထိုင် (ထားဝယ်) အသက် (၇၂)နှစ်

(သန်းသန်း ဟင်းမွှေးမဆလာ၊ သရက်သီးသနပ်)

ထားဝယ်မြို့နယ်(ဦးအောင်ဝိုင်ဆင်-ဒေါ်ရှင်မေ)တို့၏သား၊ မြိတ်မြို့နေ (ဦးသင်းအောင်-ဒေါ်ထုပ်)တို့၏ သားသမက်၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၅၁) မြေညီထပ်နေ (ဒေါ်စောနု)၏ခင်ပွန်း၊ (ဦးမြင့်ဦး)၊ ဒေါ်သန်းသန်းယု-ဦးမြင့်သန်း၊ ဦးတင်မျိုး၊ ဦးအောင်မျိုး- ဒေါ်ခင်နှင်းစုတို့၏ဖခင်၊ မခင်ရူပါထိုင်၊ မယွန်းဒီပါထိုင်၊ မပိုးစန္ဒာခင်၊ မသီရိမေလင်းတို့၏ အဘိုးသည် ၁၈-၇-၂၀၀၄(တနင်္ဂနွေနေ့) ည ၇း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှတ်(၃၅၁)၊ မဟာဗန္ဓုလလမ်း ၃၉လမ်းထိပ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(ခ)ကိုပေါက်စ အသက်(၄၈)နှစ်

မအူကုန်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ(ဖဆပလ)ရပ်ကွက်၊ တိုက်(၁၂)၊ အခန်း(၆)နေ (ဦးခင်မောင်သန်း-ဒေါ်ရင်စိန်)တို့၏သားသမက်၊ ဒေါ်သီတာသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမိအောင် (Phy: 2nd year ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မအေးသီတာအောင် (Grade- IIA) အထက(၃) မင်္ဂလာတောင်ညွန့်တို့၏မွေးသဖခင်၊ ဦးခင်ဝင်း(ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း)-ဒေါ်ညွန့်ညွန့်ရီ၊ ဦးမျိုးဦး-ဒေါ်ပြုံးပြုံး၊ ဦးလှမိုးနိုင်-ဒေါ်တင်တင်မိုးတို့၏အစ်ကို၊ ညီနှင့်တူ၊ တူမ(၇)ယောက်တို့၏ဘကြီးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်အောင်(၄၇)နှစ်

အပတ်စဉ်(၈)လက်ထောက်ရုံးပိုင်(ငြိမ်း)

ဦးရွှေဇန်-ဒေါ်သိန်းညွန့်၏သား၊ ဒေါ်ချိုချိုနွယ်၏ခင်ပွန်း ဦးထင်အောင်သည် ၁၆-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါသည်။

အပတ်စဉ်(၈)သူငယ်ချင်းများ။

မင်းဘူးအသင်း(ရန်ကုန်)

ဦးဝင်းဖေ အသက် (၇၃)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန၊

ဥက္ကဋ္ဌ မင်းဘူးအသင်း(ရန်ကုန်)

ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၅၆/ခ)နေ မင်းဘူးအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးဝင်းဖေသည် (၁၈-၇-၂၀၀၄)ရက်တွင် ကွယ်လွန်ပါ၍ (၂၀-၇-၂၀၀၄)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်ခင်အေးမြင့်(ခ)မနို အသက် (၆၀)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၁)၊ ၁၂၁လမ်းနေ (ဦးသန်း-ဒေါ်ရီ)တို့၏သမီးကြီး၊ ဗိုလ်မှူးအေးကြည်(ငြိမ်း)၏ဇနီး၊ ကိုကျော်သူရအောင် B.E (Mechanical)၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်ခင်အေးမြင့်(ခ)မနိုသည် ၁၉-၇-၂၀၀၄ရက် နံနက် ၆း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရေးမြို့နယ်အသင်း(ရန်ကုန်)

ဦးတင်လှသန်း(၆၇)နှစ်

(အမှုဆောင်/အထွေထွေစာရင်းစစ်)

ရေးမြို့နေ(ဦးဘသန်း-ဒေါ်တင်မေ)တို့၏သားကြီး(ဦးတင်ဖေ)-ဒေါ်ငွေရှင်၊ ဦးအုပ်စိုး(နာယက)-ဒေါ်စိန်ငွေ(အမှုဆောင်)၊ ဦးသန်းစိုး-ဒေါ်ညိုညို၊ ဦးဟိန်းအောင်- ဒေါ်ခင်ဆွေဝင်း၊ (ဦးအောင်ခိုင်)-ဒေါ်မြင့်မြင့်အေး၊ ဦးသောင်းထိုက်-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကိုကြီး၊ အမှတ်(၆)၊ ၃၄ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခင်သိန်း၏ခင်ပွန်းဖြစ်သူသည် ၁၈-၇-၂၀၀၄ တွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ (အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေးညွန့် (မြိတ်) အသက်(၆၆)နှစ်

ကိုဝင်းနိုင်-မစိုးစိုးတို့၏မိခင် ဒေါ်ထွေးညွန့်(မြိတ်)သည် ၁၈-၇-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမျိုးမြင့်-မမြင့်မြင့်သိန်း(ပဲခူးမြို့)
ကိုနေဝင်း၊ကိုပြည့်စုံ-မမွန်မွန်(မြိတ်)
(စိန်မှူးဆေးပေါ့လိပ်မိသားစု။)

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်(၉၃)နှစ်

(ကျုံမငေး)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စော်ဘွားကြီးကုန်း၊ အရာရှိကြီးများအဆောင်၊ တိုက်(၁)၊အခန်း(၆)နေ (ဦးစိန်ကြည်)၏ဇနီး၊ (ဒေါ်ကြည်)၊ ဦးပါကြီး–ဒေါ်ရီရီ၊ (ဦးလှသန်း)–ဒေါ်နွဲ့နွဲ့ကြည်၊ ဗိုလ်မှူးကြီးမြင့်ကြိုင်–ဒေါ်နန်းစိုးယဉ်မြင့်တို့၏မိခင်၊ မြေး၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၉–၇–၂၀၀၄(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၁–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(စော်ဘွားကြီးကုန်းနေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးတင်စိန်(၇၃)နှစ်

(ခရမ်း)

ခရမ်းမြို့နေ (ဦးဘိုးညွန့်–ဒေါ်ငြိမ်းရင်)တို့၏သား၊ (ဒေါ်နှင်းခင်)၊ (ဒေါ်နှင်းကြည်)၊ (ဒေါ်နှင်းစိန်)တို့၏မောင်၊ ရန်ကုန်မြို့၊ အမှတ်(၈၆၂)၊ ကျော်သူ(၂၀)လမ်း၊ (၉)ရပ်ကွက်၊တ/ဥက္ကလာပနေ(ဒေါ်ခင်သိန်း)၏ခင်ပွန်း၊(ဦးထွန်းတင်)–ဒေါ်ခင်နွယ်ဦး၊ ဒုတိယဗိုလ်မှူးကြီးမြင့်နွယ်(တပ်မတော်–ရေ)–ဒေါ်စိမ်းမြတ်သူ၊ ဒေါ်သင်းသင်းနွယ်(အငယ်တန်းလက်ထောက်မန်နေဂျာ၊ ပရောဂျက်ဌာန၊ M.A.P.T)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ဇင်မျိုး(X-E၊ T.T.C)၊ မောင်ထိုက်အောင်မြင့်နွယ်(VI-G၊အထက–၁၊ ဒဂုံ)၊မပေမန်ထွန်း(VI-A၊ အထက–၂၊ တ/ဥက္ကလာ)၊ မစိုးယမင်းမြင့်နွယ်(IV-F၊အထက–၁၊ ဒဂုံ)၊ မောင်ဇင်လင်းထွန်း(I-A၊ အထက–၂၊ တ/ဥက္ကလာ)တို့၏ ချစ်လှစွာသောအဘိုးသည် ၂၀–၇–၂၀၀၄ ရက် နံနက် ၁၁း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ်–၈၆၂၊ ကျော်သူ(၂၀)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုတင်မောင်ဝင်း(ခ)ဖိုးစိန်

အသက်(၂၉)နှစ်

စိန်သုံးလုံးပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး (ပီတာနှင့်ညီအစ်ကိုများ–စော်ဘွားကြီးကုန်း)မှ ကိုတင်မောင်ဝင်း(ခ)ကိုဖိုးစိန်သည် ၁၇–၇–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသည့် အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဦးသိန်းဟန်–ဒေါက်တာသီသီ၊ ကိုမျိုးလှိုင်(တိုကျိုပိုက်မိသားစု)။

ရဟန်းဒါယကာကြီး

ဦးထွန်းကြည် (၈၂)နှစ်

ကပရ(ငြိမ်း)၊အလုပ်ရုံမှူးချုပ်

ပဲခူးတိုင်း၊ မိုးညိုမြို့နယ်နေ (ဦးရွှေဖေ–ဒေါ်မြခင်)တို့၏သား၊(ဦးမောင်ညွန့်)–ဒေါ်စိန်တင်တို့၏ မတ်၊ မြောက်ဥက္ကလာပမြို့၊စ/ရပ်ကွက်၊ ဝဇီရာ(၂)လမ်း၊ အမှတ်(၂၀၂)နေ (ဒေါ်စိန်ရင်)၏ခင်ပွန်း၊ကိုသိန်းထွန်း (U.M.Group)– မလှလှအေး၊ ဦးမောင်မောင်ကျော်(ခပ–၅လိုင်း)–ဒေါ်စန်းစန်းဝင်း၊ ကိုရဲစိုး–မသန်းသန်းဝင်း၊ကိုစိုးလွင် (U.M.Group)–မနှင်းမမင်း၊ မောင်တိုးလွင်၊မောင်မောင်လွင်–မရင်ရင်မြ၊မောင်လှသိန်း–မမြမြနွယ်တို့၏မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃–၇–၂၀၀၄ (သောကြာနေ့)မွန်းလွဲ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးအုန်းရွှေ(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊အမှတ်(၇၆)၊ပထမထပ်(ဝဲ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေ ဦးကို–ဒေါ်သန်းတင်တို့၏သား၊ (ဒေါ်ခင်မထား)၏ခင်ပွန်း၊ အမှတ်(၂၂၅)၊ ပထမထပ်(ဝဲ)၊ဗညားဒလလမ်း၊မအူကုန်း၊တာမွေမြို့နယ်နေ ဦးဘုန်းတင့်–ဒေါ်လှကေသီ(တာမွေမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး)၊ အမှတ်(၁၆၄)၊ ပထမထပ်(ဝဲ)၊၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇော်ညွန့်–ဒေါ်နီလာဦး(မွေးမြူရေး)တို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည်၂၀–၇–၂၀၀၄ရက်နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ၃း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးအုန်းရွှေ(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊အမှတ်(၇၆)၊ပထမထပ်(ဝဲ)၊အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေ ဦးကို–ဒေါ်သန်းတင်တို့၏ သား၊ (ဒေါ်အုန်းသန်း)၏ခင်ပွန်း၊ မသီဂီအုန်း– ဦးခိုင်ဝင်းတို့၏မွေးသဖခင် ဒုတိယဗိုလ်မှူးကြီးအုန်းရွှေ(ငြိမ်း)သည် ၂၀–၇–၂၀၀၄ ရက်နံနက်၇း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်အောင်(၈၄)နှစ်

ခိုင်ဆန်းရော်ဘာဆန်စက်ဘရိတ်တုံး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်(၈)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၃)နေ (ဦးထွေးရ–ဒေါ်ကျင်မြိုင်) တို့၏ သားကြီး၊(ဦးအလီ–ဒေါ်ကျင်ဝှက်) တို့၏ သားသမက်၊(ဒေါ်ရှုရင်)၏ ခင်ပွန်း၊ ဒေါ်တင်တင်–(ဦးထျန်ဟုန်း)၊ဒေါ်နှင်းမြ–ဦးစိန်၊(ဦးကြင်)–ဒေါ်ကျင်လှ၊ ဒေါ်မြင့်ကြည်၊ (ဦးရွှေတုံး)၊ ဒေါ်ခင်မိုး ကြည်၊ (ဦးချမ်း)တို့၏ မောင်/အစ်ကို၊ ဦးယဉ်အောင် (ခိုင်ဆန်းရော်ဘာလုပ်ငန်း) – ဒေါ်အေးသန္တာလွင်တို့၏ဖခင်၊ ခိုင်မြတ်နွယ် (Pre II ILBC)၊ ပန်းအိဇင်တို့၏ အဘိုးသည် ၁၉–၇–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တူပိုး(၇၅)နှစ်

(ဆကာကြီး)

ဆကာကြီးမြို့၊၄ ရပ်ကွက်နေ (ဦးအင်စိန်)၏ ဇနီး၊ ဒေါ်အမ်းရှု၊ (ဒေါ်အမ်းဟို)၊ ဦးကျင်ထိန်–ဒေါ်သန်းဆွေ၊ ကိုစိန်ဝင်း၊ ဒေါ်ရှုဘီ၊ မခင်ယုမာ၊ မစီစီစိန်၊ မောင်ကံကြည်စိန်တို့၏ မိခင်၊ မောင်ထင်အောင်၊ မောင်အောင်ရဲလင်း၊ မောင်အောင်သက်ပိုင်၊ မဆွေလဲ့မွန်တို့၏ အဘွားဒေါ်တူပိုးသည် ၁၉–၇–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် မော်ချောင်းသုသာန်သို့ ပို့ဆောင် ဂူသွင်း သင်္ဂြိုဟ်ပါမည် ကျန်ရစ်သူမိသားစု။

ဗဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဦးကုမာရ

သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

(မလှိုင်)

ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးစေတီလမ်း၊ (၅၅–က)၊ ချမ်းမြေ့ရိပ်သာကျောင်း၌ သီတင်းသုံးသော မလှိုင်ဆရာတော်ဦးကုမာရသည် (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၃ရက်)၊ ၁၉–၇–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီး၌ ဗဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း၅ရက်)၊၂၁–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း။(ချမ်းမြေ့ ရိပ်သာကျောင်းမှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ချမ်းမြေ့ရိပ်သာကျောင်းသံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့။

ဒေါက်တာဦးကြည်ဝင်း(ပုသိမ်)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇/ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးကင်းဆင်)–ဒေါ်ဝင်းစိန်တို့၏ သားကြီး၊ ဒေါ်ကျင်မြ၊ ဒေါ်ညွန့်ဝေတို့၏ တူ၊ ဒေါ်ဖြူဖြူဝင်း(ဒုညွှန်မှူး/ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဦးဉာဏ်ထွန်း–ဒေါ်နွယ်နွယ်ဝင်း၊ ဒေါက်တာဦးမျိုးဝင်း–ဒေါက်တာဆွေဆွေသက်(နှလုံးအထူးကု၊ ရန်ကုန်ဆေးရုံကြီး)၊ ဦးထွန်းထွန်းလှိုင်–ဒေါက်တာဒေါ်အေးအေးဝင်း၊ ဦးမျိုးသန့်တို့၏အစ်ကို၊ ဦးစိုင်းဘဌေး–ဒေါ်ဝင်းသန္တာ (Total.Myanmar)၊ဒေါက်တာဇော်ဝင်းသန့်–ဒေါက်တာဝင်းနွယ်နီတို့၏ဖခင်သည် ၁၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁–၇–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်သိန်းတင် (၆၉) နှစ်

(မော်လမြိုင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊(၈၉)လမ်း၊ အမှတ်(၁၁)နေ(ဦးထွန်းရီ)၏ဇနီး၊ ဦးအောင်ဌေးဝင်း–ဒေါ်ခင်ခင်မြ၊ ဦးစိုဝင်း (ဦးစီးအရာရှိ၊ ဆည်/မြောင်း၊ ပျဉ်းမနားမြို့)–ဒေါ်တင်ဌေးယဉ်၊ ဦးခင်မောင်ဝင်း–ဒေါ်ချောချောငယ်၊ (ဦးဇော်မျိုးဝင်း)တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၀–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊သိမ်အမ

ဒေါ်ငွေသန်း (၆၈)နှစ်

(မူးရစ်ကြီးရွာ၊ ဘီလူးကျွန်း) (ပြည်ကျော် ဒေါ်ငွေသန်း အထည်ဆိုင်၊ မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၄၀)၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ (ဦးကျော်စိန်–ဒေါ်အမာ)တို့၏ သမီး၊ (ဦးလှကြည်)၏ဇနီး၊ ဗိုလ်မှူးကြီး အောင်ထွန်း(ငြိမ်း)–ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်နုတို့၏ညီမ၊ ဦးလှရီ–ဒေါ်ငွေသိန်း၊ ဗိုလ်မှူးမင်းဉာဏ်ရှိန်(ငြိမ်း)–ဒေါ်မိစုငယ် (ဒေါ်ဝေဒစန္ဒီ)၊ ဦးအောင်တင်–ဒေါ်နန်းခင်သန်းတို့၏ အစ်မ၊ ဦးတင်ထွဋ်–ဒေါ်တင်တင်အောင် (အောင်ဆု စံရွှေဆိုင်)၊ ဦးဝင်းမြင့်–ဒေါ်သန်းသန် ဌေး (ပြည်ကျော်အထည်ဆိုင်)တို့၏ မွေးသမိခင်၊ မသဇင်နွယ်ဝင်း (အထက–၄၊တာမွေ)၊ မဆုရွှေဇင်ဝင်း (အမက–၇၊ တာမွေ)၊ မချိုအေးတို့၏ အဘွားသည် ၂၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးသိန်း(၄၇)နှစ်

အငယ်တန်းအင်ဂျင်နီယာ(၂) မော်ဘီအိတ်ချိန်း

(ဦးခင်မောင်) – ဒေါ်လှတင်တို့၏ သားထွေး၊ ဦးကျော်မြင့်အေး–ဒေါ်တင် တင်(အိမ်တွင်းမှု)တို့၏ သားသမက်၊ ဦးဇော်ဝင်း၊ဦးထွန်းအောင်၊ဦးဉာဏ်ဝင်း၊ ဒေါ်ဥမ္မာတို့၏ညီမောင်၊ မလွင်လွင်ခိုင်၏အစ်ကို၊ ဦးအောင်ဆန်းဦး၊ ဒေါ်ခင်အေးဝင်း၊ ဦးကျော်မြင့်သိဏ်းတို့၏ အစ်ကို၊ ဒေါ်ခင်အေးမော်၏ ခင်ပွန်း၊ မချောစုစုလှိုင်(FISCA)၊ မအိကေခိုင် (GTC၊ မော်ဘီ)၊ မောင်သီဟစိုးထက် (အထက –၁၊ မော်ဘီ)တို့၏ ဖခင်သည် ၁၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (မော်ဘီအိတ်ချိန်း နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးထွန်းဝေ(အငြိမ်းစား၊ တပ်မတော်–လေ) နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကုသပေးခဲ့ကြသော ရန်ကုန်ဆေးရုံကြီးကင်ဆာဌာနမှ ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ ကန်သာယာဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ ကိစ္စအရပ်ရပ်တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တပ်မတော်(လေ) မိသားစု၊ Traders Hotel မိသားစု၊ Giffarine မိသားစုနှင့် ဈာပနတွင် လိုက်ပါပို့ဆောင်ကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အခန်း(၁၀၆)၊ တိုက်(၉)၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ ဗဟန်းနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်သိန်းတင် (၆၉) နှစ်

(မော်လမြိုင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊(၈၉)လမ်း၊အမှတ်(၁၁)နေ (ဦးဘအေး–ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးထွန်းရီ)၏ဇနီး၊ ဦးအောင်မြင့်–ဒေါ်ခင်သန်းနွဲ့၊ (ဦးစံမြိုင်)–ဒေါ်တင်မြိုင်၊ (ဦးစိုးမင်း)–ဒေါ်စိန်သွင်၊ (ဦးနေဝင်း–ဒေါ်သန်းတင်)၊ဦးမောင်မောင်(ခရိုင်ရဲမှူး၊ မြင်းခြံမြို့)–ဒေါ်ခင်ခင်စီတို့၏အစ်မ၊ တူ၊ တူမ ၂၈ယောက်တို့၏ ကြီးတော်သည် ၂၀–၇–၂၀၀၄ ရကတွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂နာရီ ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဒေါ်သန်းစိန်(၆၁)နှစ်

(အလုံ)

ရန်ကုန်တိုင်း၊ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာနေ (ဦးရွှေဘော်–ဒေါ်တင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးသုခ–ဒေါ်ချော)တို့၏ချွေးမ၊ ရန်ကုန် မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၂၇)၊ ၆လွှာနေ (ဦးထွန်းထွန်း)၏ဇနီး၊ ကိုမောင်မောင် (2/0, Univam Shipping Co)–မမျိုးသီတာ (ရေအားလျှပ်စစ်ဦးစီးဌာန)၊ ကိုဇော်မင်း (Chief Cook Star Shipping Co)– မညိုညို (ဆည်မြောင်းဦးစီး ဌာနရုံးချုပ်) ကိုနိုင်ဝင်းသန့်–မစပါယ်တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၈–၇–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးသန်းမောင်

အသက် (၉၀)

မင်းကွန်းပဋိပတ္တိသာသနာ့နုဂ္ဂဟ အသင်းကြီး၏ နာယက (ခရမ်း/သုံးခွ)

ခရမ်းမြို့နေ ဦးဘိုးကျင်–ဒေါ်ခင်တို့၏သား၊ သုံးခွမြို့နေ ဦးဘိုးဝင်း–ဒေါ်လှတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၂)၊(၉၁)လမ်း၊ ကန်တော်ကလေးနေ ဒေါ်သန်းကျုံ၏ ခင်ပွန်း၊ (ဦးဝင်းသိန်း–ဒေါ်လှမြင့်)၊ ဦးအုန်းမြ–ဒေါ်စီစီမြင့် (ကျောင်းအုပ်ကြီး၊ အမက–၆၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ဌေးဌေးမြင့် (ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဗိုလ်မှူးသန်းဆွေ–ဒေါ်သန်းသန်းဝင်း (မေဖလားဝါးဘဏ်)တို့၏ ဖခင်၊ ကိုထွေးနိုင်–မချယ်ရီဝင်း၊ ကိုခါနဲကို–မသီဂီဝင်း၊ မောင်မျိုးမြင့်ဝင်း–မသဇင်နွယ်၊ မောင်ကျော်သူဝင်း၊ မခိုင်ညိုဝင်း၊ မလင်းနန္ဒာထွန်း (Sakura)၊ မောင်မင်းသူရိန်ထွန်း၊ မသင်းနေခြည်ထွန်း၊ မောင်ပြည့်ဘုန်းဆွေ၊ မဝင်းပပအေးတို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀–၇–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တန်ဆောင်းဒါယကာကြီး

ဦးကျော်ဇေ(၆၉)နှစ်

တိုင်းပညာရေးမှူး(စစ်ဆေးရေး)၊(ငြိမ်း) (ပုသိမ်)

ပုသိမ်မြို့၊ ကန်သုံးဆင့်၊ ဦးပုညလမ်းနေ (ဦးဘသန်း–ဒေါ်လှတင်)တို့၏သား၊ (ဒေါ်မြင့်မြင့်ဝေ)၏ခင်ပွန်း၊ (ဦးခင်ဇော်)–ဒေါ်ရင်မေ၊ ဒေါ်စန်းစန်းကြည်တို့၏ အစ်ကိုကြီး၊ မဥမ္မာအေး–ကိုတင့်နိုင်၊ ကိုဝင်းသန့်၊ (ကိုဖုန်း အောင်)–မမြင့်မြင့်ဟန်၊ ကိုအံ့ကျော်–မချောစုအောင်၊ ကိုမိုးကျော်မြင့် တို့၏ဖခင်၊ မသီဂီဦး၊ မအိန္ဒြာအောင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုးသည် ၂၀–၇–၂၀၀၄ရက်တွင် ပုသိမ်မြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှသစ်ညိုကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ

ဒေါ်ချိုချိုသန်း အသက်(၅၀)

ရန်ကုန်တိုင်း၊ အမှတ်(၁၀၂)၊ သခင်ဖိုးလှကြီးလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးမောင်ဟန်)–ဒေါ်အေးတို့၏သမီးထွေး၊ ဦးစိုးသီဟ(လမ်းသုတေသန–ပ)၏ ဇနီး၊ မသွယ် မာ၊ မောင်သူရိန်လွင်တို့၏မိခင် ဒေါ်ချိုချိုသန်းသည် ၂၀–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄ (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂း၃၀ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းဒါယိကာမကြီး

ဒေါ်ခင်လှ (၇၈) နှစ်

ကမာကလိပ်ကျေးရွာ (တာမွေ)

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ကမာကလိပ်ကျေးရွာနေ (ဦးဘိန်း–ဒေါ်သင်)တို့၏ သမီး၊ ဦးလွန်းမောင်–(ဒေါ်စောညွန့်)တို့၏ညီမ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် (က) ရပ်ကွက် သမိန်ဗရမ်းလမ်း အမှတ်(၂၄) (၃–လွှာ/A)နေ (ဦးထွန်းအောင်–ရွှေပန်းထိမ်)၏ဇနီး၊မသန်းဝင်း၊ မောင်စိန်ဝင်း–မစန်းစန်းကြည်၊ မမြကျင်၊ မောင်သက်ထွန်း၊ မောင်ထွန်းရီ–မစန်းစန်းအေး၊ မအေးသိန်း၊ မောင်ခင်ထွေး–မမြင့်မြင့်ကြည်၊ မအေးသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၉–၇–၂၀၀၄(တနင်္လာနေ့)တွင်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ(၆၆)နှစ်

ကန်တော့ခံဆရာမကြီး အထက၊သဲကုန်းမြို့

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊အရှေ့မြို့ပတ်လမ်းနေ ဦးအောင်မြင့်(ကန်တော့ခံဆရာကြီး)၏ဇနီး၊ဦးတင့်ဆွေ (ဒုရဲမှူး)–ဒေါ်ခင်ခင်ဌေး (စာရင်းစစ်မှူး)၊ ဦးမြင့်သောင်း–ဒေါ်အေး အေးမြင့် (စာရင်းစစ်မှူး)၊ ဒေါ်မာမာဝေ (စာရင်းစစ်မှူး)၊ ဦးမျိုးညွန့်–ဒေါ်သီသီမွန်(သူနာပြုဆရာမ)တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄ရက်တွင် သဲကုန်းမြို့ တည်သီးပြင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျောင်းသားကျောင်းသူဟောင်းများ၊ သဲကုန်းအထက။

ဦးကြည်သိန်း (၅၆)နှစ်

(ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်းမြို့နယ်၊ အင်တောကျယ်ကျေးရွာနေ (ဦးအောင်သူ–ဒေါ်ခို)တို့၏သား၊ ဦးတင်မောင်–ဒေါ်ဝိုင်းတင်၊ ဦးတင်ဆောင်–ဒေါ်တင်ကြည်၊ ဒေါ်သန်းကြည်၊ ဦးလှ–(ဒေါ်မြိုင်)၊ (ဦးသန်းအောင်)–ဒေါ်သန်းရီ၊ (ဦးတင်အောင်)–ဒေါ်သောင်းကြည်၊ (ဒေါ်မြ အေး)တို့၏ ညီ/မောင်၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ အမှတ်(၅၅)၊ ပြည်လမ်း၊ ပန်းမြိုင်လယ်နေ ဒေါ်မြင့်မြင့်ခင်၏ ခင်ပွန်း၊ ကိုနေမင်းကျော်စွာ၊ ကိုနေမင်းဇော်၊ မဥမ္မာထွန်း၊ မလတ်လတ်ဇော်၊ ကိုသော်တာဇော်၊ မမြတ်သူဇာလွင်၊ မမြတ်နန္ဒာဇော်တို့၏ မွေးသဖခင်၊ မခင်ခင်ကြီး၊ မအေးချမ်းမိုးတို့၏ အဘိုးသည် ၁၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁ နာရီတွင် ထောက်ကြန့် ရဲစုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သထာညို(၆၇) နှစ်

(နတ်မြစ်/စစ်တွေ)

စစ်တွေမြို့နေ(ဦးရွှေဖုံဦး–ဒေါ်သာပွင့်)တို့၏သမီး၊ (ဦးဘဦး–ဒေါ်စိန်ကျော့)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ အမှတ်(၈၉၂)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘသိန်း)၏ဇနီး၊ ဦးသိန်းဦး–ဒေါ်နှင်းအေး၊ ဦးအေးမင်း–ဒေါ်ခင်အေး၊ ဦးစန်းယု၊ ဦးအောင်ထွေး–ဒေါ်စန်းစန်းမေတို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၉–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဦးလွင်နိုင်(ခ)ဦးလှမြင့်

အသက်(၆၅)နှစ်

မြို့နယ်ဦးစီးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး (ကျိုက်လတ်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၁၄)နေ (ဦးဘရင်–ဒေါ်ငွေစိန်)တို့၏ သား၊ (ဦးလတ်–ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူ(ဆေး–၁၊ ရုံး–ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်မွန်၏ အစ်ကိုကြီး၊ မတိုးတိုးနိုင် (စည်ပင်ဦးစီးရုံးချုပ်)၊ ကိုရဲနိုင်(စစစ)–မသန်းသန်းအေး(စစစ)၊ ကိုရန်နိုင်၊ မစောနန္ဒာ(လွယ်ဟိန်းကုမ္ပဏီ)၊ ဒုတိယဗိုလ်ကောင်းထွဋ်နိုင်(လှိုင်ကော်)တို့၏ ဖခင်၊ မသမုဒယရန်နိုင်၏ အဘိုး၊ မောင်အေးနိုင်၊ မောင်ဝင်းထွဋ်ဝင်းတို့၏ ဘကြီးသည် ၂၀–၇–၂၀၀၄ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်ပါ၍ ၂၄–၇–၂၀၀၄(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဇော်ထက်ကို(၂၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၄၀၆)နေ (ဦးစိုးကိုကို)–ဒေါ်အေးအေးချိုတို့၏ သား၊ မအေးမွန်ကို(ပ–နှစ်၊ စီးပွား)၊ မနှင်းယုကို(အထက–၃၊ ဗိုလ်တထောင်)တို့၏အစ်ကို၊ (ဦးခင်မောင်ရဲအုပ်ကြီး၊ငြိမ်း)–ဒေါ်ဒေါ်င်း၊ ဦးတင်ရွှေ–ဒေါ်အုံးကျင်တို့၏ မြေး၊ ဦးသန်းဝင်း၊ ဦးနေမင်းဆွေ(ကျန်းမာရေးမှူး၊ငြိမ်း)–ဒေါ်အမာ(မင်းတိုင်ပင်)၊ ဦးခင်စန်း–ဒေါ်ခင်မမမော်(ပါမောက္ခ၊ သချာဌာန၊ ပြည်)၊ ဒေါ်ခင်မမကျော်(အထက–၂၊ ပုဇွန်တောင်)၊ ဦးနိုင်ဝင်း(အကောက်ခွန်)–ဒေါ်ခင်နှင်းညွန့်၊ ဦးအောင်ခိုင်ဝင်း–ဒေါ်ဝင်းဝင်းဌေးတို့၏တူမောင်ဇော်ထက်ကိုသည် ၁၉–၇–၂၀၀၄ ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင်ရန်ကုန်အရှေ့ပိုင်းဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အမာ(၉၈)နှစ်

(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဦးဂွယ်လမ်း၊ အမှတ်(၁၁)နေ (ဦးတင်လှိုင်–ဒေါ်ရီရီ)၊ (ဦးလှထွန်း)–ဒေါ်စိန်စိန်၊ (ဦးစိန်ထွန်း)၊ ဦးခင်စိုး(ညွှန်မှူး–ငြိမ်း၊ ရ/သုံးဦးစီးဌာန)–ဒေါ်မြင့်မြင့်တို့၏မိခင်၊ (ဒေါ်ရင်မြ)၊ ဒေါ်တင်တင်လှ၊ ဒေါ်ရီရီတို့၏ အစ်မကြီး၊ မြေး ၁၂ယောက်၊ မြစ် ၁၅ယောက်တို့၏ အဘွားသည် ၂၀–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သိန်းကြည်အသက်(၈၀)

(လေးမျက်နှာ/သုံးဆက်)

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ သုံးဆက်နေ (ဦးစိန်အေး–ဒေါ်အေးရင်) တို့၏ သမီး၊ ကမာရွတ်၊ လှည်းတန်းနေ (ဦးထွန်းလှိုင်–ဒေါ်သန်းကြည်) တို့၏ ညီမ၊ လက်ပံတန်းမြို့နေ(ဦးညွန့်တင်)–ဒေါ်သိန်းရီ၊ ကြည့်မြင်တိုင်နေ (ဦးမြမောင်)–ဒေါ်ဌေးလှိုင်၊ တ/ဥက္ကလာပနေ (ဦးကြည်ဝင်း)–ဒေါ်ကြည်သန်း၊ လှည်းတန်းနေ ဦးထွန်းရှိန်–ဒေါ်မေစီ၊ (ဦးတင်ငွေ)တို့၏ အစ်မ၊ ရွှေစံပယ်ရိပ်မွန်နေ ဦးတင်ဖေ–ဒေါ်ခင်စန်းဝင်း၊ မူဆယ်နေ ဦးစိုင်းဝင်းမြင့်–ဒေါ်မြင့်မြင့်ဦး၊ ကျောက်ကုန်းနေ ဦးကျော်သူရ–ဒေါ်ခင်မျိုးစီ၊ လှည်းတန်းနေ ဦးကိုကိုဇော်–ဒေါ်နီလာရှိန်၊ဦးတင်မောင်အေး–ဒေါ်ဝင်းဝင်းနိုင်၊ ဗိုလ်မှူးစိုးသူနိုင်–ဒေါ်နန်းအေးအေးလတ်၊ တူ၊တူမခုနစ်ယောက်တို့၏ အဒေါ်၊ ရန်ကုန်တိုင်း၊ မ/ဥက္ကလာပမြို့၊ ၁/ရပ်ကွက်၊ သုမိတ္တာ(၁)လမ်း၊ (ဘိုးဘွား–၁)နေ ဦးရှိန်၏ ဇနီး၊ မြေး၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည်၁၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၂နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်(၄၆)နှစ်

(မြောက်ဦး)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ တောင်ရပ်၊ လမ်းမတန်းနေ ပူးနှစ်ကောင် ဆေးလိပ်ခုံပိုင်ရှင် (ဦးသာမြအောင်–ဒေါ်စောမြမေ)တို့၏ သား၊ အမှတ်(၁၈/ခ)၊ လှော်ကားလမ်းမ၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင်ပိုင်းနေ ဒေါ်ရီရီခိုင်၏ခင်ပွန်း၊ ဦးအောင်ပန်းသာ – ဒေါ်မထွန်းစိန်၊ ဒေါ်ခိုင်စောယဉ် – ဦးသာထွန်းအေး၊ ဦးသိန်းရွှေအောင် – ဒေါ်မတင်ကြည်တို့၏ ညီ/မောင်၊ ဗိုလ်ကြီးမောင်ရွှေ(ငြိမ်း)၊ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီး)–(ဒေါ်စောနု)တို့၏ အစ်ကို၊ (မောင်အောင်ဆန်းဦး)၊ မသီရိရတနာအောင်(ပ–နှစ်၊ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)တို့၏ ဖခင်သည် ၂၀–၇–၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ကြည်(ခ)ဒေါ်စိန်စိန်

အသက်(၈၄)နှစ်

(မင်းလှ)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၃၈၂)၊ အီအုန်းလမ်းနေ (ဦးဘရှင်–ဒေါ်သိန်းမှိ)တို့၏သမီး၊ (ဦးဘိုးရှိန်–ဒေါ်မယ်တင်)တို့၏သမီးချွေးမ၊ [ဦးအောင်သိန်း(ခ) ဦးလေးဘုန်းကြီး] မင်းလှ၏ ဇနီး၊ ဦးရဲထွန်း (Princess Restaurant)–ဒေါ်နီနီမာ၊ဒေါ်သီတာအောင်(အထပြ၊ အထက–၁၊ ကော့သောင်း) – (ဦးတင် ဝင်းအောင်) သူဌေးကျွန်းဟိုတယ်၊ ဒေါ်နီ လာအောင်–ဦးစိန်မြင့်(စက်မှု/လယ်ယာ ဦးစီးဌာနရုံးချုပ်)၊ ဦးသန်းထွန်းအောင် (MEPE)–ဒေါ်ခင်ခင်ထွန်း (ဒေါ်ဝါဝါအောင်၊ လဝက၊ ရန်ကုန်တိုင်းဦးစီးမှူးရုံး)၊ ဦးသန်းထွေးအောင် (အား/ကာဦးစီး အရာရှိ၊ ကြို့ပင်ကောက်မြို့နယ်)–ဒေါ်သီတာမြင့် (မြောက်ဥက္ကလာပ ဆေးရုံကြီး)တို့၏ မိခင်၊ မြေး၂၁ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၉–၇–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်မြကြည်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၃၂၃)နေ (ဦးမြမောင်–ဒေါ်သောင်းတင်)၊(ဒေါ်အေးသန့်)တို့၏ သမီး၊ (ဒေါ်ညွန့်စိန်)၏ညီမ၊ (ဦးကျော်ငြိမ်း)၏ဇနီး၊ ဦးသိန်းလွင်–ဒေါ်သန်းသန်းစိန်တို့၏မိခင်၊ မောင်ခင်မောင်သန့်–မလှလှဝင်း၊မသန္တာလွင်၊မောင်ဇော်မင်းလွင်–မသန်းသန်းလှ၊ မောင်အောင်မင်းလွင်၊မောင်အေးမင်းလွင်တို့၏အဘွား၊ မနန္ဒာခိုင်မော် (ဆေးဘက်ပညာသည်တက္ကသိုလ်)၊ မောင်ထက်နိုင်ဘွား၊ မောင်ဉာဏ်လင်းရှိန်(အထက–၂၊ ဗဟန်း)တို့၏ အဘွားသည် ၂၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှ ကားများ နံနက်၉း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ သိမ်အမ

ဒေါ်ငွေသန်း (၆၈)နှစ်

(မူးရစ်ကြီးရွာ၊ ဘီလူးကျွန်း) (ပြည်ကျော် ဒေါ်ငွေသန်း အထည်ဆိုင်၊ မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၄၀)၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ (ဦးကျော်စိန်–ဒေါ်အမာ)တို့၏ သမီး၊ ဒေါ်ဆွေဆွေတင်၊ ဦးအောင်ဌေး–ဒေါ်မို့မို့ရီ၊ ဦးကိုကိုကြီး–ဒေါ်တင်တင်အေး၊ ဦးဖုန်းမြင့်–ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးတင်မောင်ဝင်း၊ ကိုရဲထွဋ်ဝင်း၊ မင်းကျော်ဉာဏ်လင်း၊ မင်းမျိုးဉာဏ်ဝင်း–မအိမ့်ဆုသွေး၊ မင်းကျော်သိုက်–မဇင်မီမိုး၊ မမျိုးသီရိအောင်၊ မခိုင်မာလာအောင်၊ စိုင်းနေအောင်၊ ထူးထူးအောင်တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂–၇–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Toshioki °ENDO နှင့် အောက်လွှတ်တော် အမတ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရေးမြို့မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၄ခုနှစ် ဇူလိုင် ၂၀ရက် မြန်မာစံတော်ချိန် နံနက် ၀၉း၃၀ နာရီအချိန်တွင် ရေးမြို့၌ တိုင်းထွာရရှိသော မိုးရေချိန် ၂၈၃မီလီမီတာ (၁၁ဒသမ ၁၄လက်မ)သည် ယင်းမြို့၌ လွန်ခဲ့သောနှစ်ပေါင်း ၄၁နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ယခင်စံချိန်ဟောင်းမှာ ၂၃၅ မီလီမီတာ (၉ဒသမ ၂၅လက်မ) ဖြစ်ပြီး ၁၉၇၀ပြည့်နှစ် ဇူလိုင် ၄ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်များဖြစ်ကြသည့် Mr. Toshiaki ENDO ၊ Mr. Ikuzo SAKURAI၊ Mr. Hiromichi WATANABE ၊ Mr. Ichiro KAMOSHITA၊ Mr. Mineichi IWANAGA ၊ Mr. Hiroshi IMAI နှင့် Mr. Koki HAGINO တို့အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တီထွင်ထုတ်လုပ်မှု ကြည့်ရှု

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်းသာယာခန်းမတွင် စီစဉ်ပြသထားသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်ထားသည့် ခေတ်မီဆန်စက်ငယ်၏ စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စက်မှုဇုန်သုံးခု၌ ခေတ်မီသံရည်ကျိုလုပ်ငန်းစက်ရုံများ မြန်မြန်ဆန်ဆန်ထူထောင်ပြီး အပြည့်အဝ အသုံးချနိုင်အောင်စီမံ လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်အောင်ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂၀

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ▲